# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၈၄)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

၂၀၁၅ ခုနှစ်၊ ဧပြီ ၂ ရက်၊ ကြာသပတေးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့်ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၅ ခုနှစ် ဧပြီလ ၃ ရက်နှင့်

*စာမျက်နှာ ၃ ကော်လံ ၄* ✳

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာ-၃) (သတင်းစဉ်)

## ယနေ့ မာတိကာ

ငြိမ်းချမ်းသော မြန်မာသစ်

ကဗျာ

စာမျက်နှာ-၉

ငြိမ်းချမ်းရေးအတွက် သမိုင်းမှတ်တိုင်သစ်အား HD စင်တာမှ ဂုဏ်ယူကြိုဆို

စာမျက်နှာ-၁၀

ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် အထောက်အကူ ဖြစ်စေမည်ဟုယုံကြည်

စာမျက်နှာ-၁၀




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးသည်အဓိက

တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုသည် အဓိက အကြောင်းအရင်းတစ်ခုဖြစ်ပါသည်။ တိုင်းပြည်အေးချမ်းသာယာပါမှ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအရသာသည်ကား အေးမြလှပေစွ။ သို့သော် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအားထုတ်ရာတွင် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ကြရသည်။ အပြန်အလှန်နားလည်မှု၊ စိတ်ရှည်သည်းခံမှု၊ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုဟူသော တူညီသောအခြေခံအကြောင်းတရားများဖြင့်သာ ငြိမ်းချမ်းရေးကိုအရယူနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံသည် ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေသည့် ပြည်တွင်းငြိမ်းချမ်းရေးသည် အကောင်အထည်ပေါ်လာနေပြီဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးခဲ့ပြီဖြစ်ပါသည်။ ဤအခြေအနေသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်တော့မည့် အနေအထားဖြစ်ပါသည်။ နှစ်ဖက်စလုံးက သဘောတူညီချက်မူကြမ်းအား လက်မှတ်ရေးထိုးနိုင်တော့မည့် အနေအထားဖြစ်ပါသည်။ အားလုံးအသင့်ဖြစ်နေကြပြီဖြစ်ပါသည်။ ယခုဧပြီလအတွင်း အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရန် အားလုံးကမျှော်လင့်ထားကြပါသည်။ မျှော်လင့်ထားသည့်အတိုင်း အမြန်ဆုံးအကောင်အထည်ပေါ်လာရန်လည်း ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တလျက်ရှိနေကြပါသည်။ မျှော်လင့်ချက်အလင်းတန်းများ တောက်ပလာပြီဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြု အခမ်းအနားတွင် ငြိမ်းချမ်းရေးသည် ပြည်သူတို့၏လိုလားချက်၊ ဆန္ဒနှင့်မျှော်လင့်ချက်ပင်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်များနှင့် စောင့်စားနေကြသည့် ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိရန် ဆောင်ကြဉ်းပေးနိုင်သူများသည် မိမိတို့အားလုံးပင်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

အမှန်စင်စစ် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ပေးနိုင်ကြသူများသည် ငြိမ်းချမ်းရေးသူရဲကောင်းများပင် ဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ ပစ်ခတ်တိုက်ခိုက်မှုများအဆုံးသတ်နိုင်အောင် ကြိုးပမ်းအားထုတ်ကြသူများသည် ငြိမ်းချမ်းရေးဆန္ဒပြင်းပြနေသည့် ပြည်သူတစ်ရပ်လုံးအတွက် သူရဲကောင်းများပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်လာနိုင်ခြင်းသည် တိုးတက်မှုအားလုံး၏ လမ်းစပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် သမိုင်းဝင်မည့် ပထမဆုံးခြေလှမ်းကို လှမ်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သို့ပါ၍ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးသွားနိုင်ရန် အထူးလိုအပ်လှပေသည်။ ထိုမှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများအထိ တက်လှမ်းလာနိုင်သည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှုများ ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်လှမ်းကြရာတွင် ငြိမ်းချမ်းရေးသည် အဓိက၊ ငြိမ်းချမ်းရေးသည် ပထမဟု ဆိုရမည်သာဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မုတ္တမနှင့် တနင်္သာရီ ကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် ထုတ်လုပ်မှုခွဲဝေခံစားရေးစာချုပ်ချုပ်ဆို




**နေပြည်တော် မေ ၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နယ်သာလန်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် Eni Myanmar B.V နှင့် ဗီယက်နမ်နိုင်ငံမှ Petrovietnam Exploration Production Corporation Ltd. တို့သည် မုတ္တမကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် MD-2 နှင့် တနင်္သာရီကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် MD-4 တို့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် (Production Sharing Contract ) ကို မတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် Hitlon ဟိုတယ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Pham Thanh Dung၊ Eni Myanmar B.V မှ Managing Director Mr. Stefano Carbonara နှင့် Petro- vietnam Exploration Production Corporation Ltd. မှ Vice Presi- dent Mr. Pham Nhu Khanh နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Mr. Pham Thanh Dung၊ Mr. Stefano Carbonara နှင့် Mr. Pham Nhu Khanh တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူ စာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Eni Myanmar B.V မှ Managing Director Mr. Stefano Carbonara နှင့် Petrovietnam Exploration Production Corporation Ltd. မှ Vice President Mr. Pham Nhu Khanh တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယခု မုတ္တမကမ်းလွန်ရေနက်ပိုင်းလုပ်ကွက် MD-2 နှင့် တနင်္သာရီကမ်းလွန် ရေနက်ပိုင်း လုပ်ကွက်ဖြစ်သည့် MD-4 တို့ လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် နဝမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါ စာချုပ်များ လက်မှတ်ရေးထိုးခြင်းမှ Singnature Bonus အမေရိကန်ဒေါ်လာ ၂၅ သမ ၄ သန်းနှင့်Data Fee အမေရိကန်ဒေါ်လာ ၁ သန်း ရရှိမည်ဖြစ်သည်။

(သတင်းစဉ်)




# မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**ညောင်လေးပင် မေ ၁**

ညောင်လေးပင်မြို့နယ်အတွင်း ၁၃၇၆ ခုနှစ် မြန်မာနှစ်သစ်ကူးအတာသင်္ကြန် ပွဲတော်ကာလအတွင်း အများပြည်သူစိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးအဖြစ် စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း ဆေးဆိုင်များမှ ပိုင်ရှင်များနှင့် ဆိုင်တာဝန်ခံများအား အသိပညာပေးဟောပြောခြင်းကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကိုကိုကြီးက သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးများ၊ တားမြစ်ဆေးများရောင်းဝယ်ခြင်း မပြုလုပ်ရန်နှင့် ၎င်းဆေးဝါးများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မှုခင်းများနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးသည်။ ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်ဇော်က ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

အလားတူ သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးမှုများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၃ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၅၀-၁၅၅၀ |
| ကြက်သွန်ဖြူ(ကြိုးကုတ်) | တစ်ပိဿာ | ၁၇၀၀-၁၇၂၅ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀-၈၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀-၃၀၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၅၀၀-၆၂၀၀ |
| သကြား | တစ်ပိဿာ | ၈၆၀-၈၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မှုအခြေအနေများဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဦးရဲထွဋ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လျှပ်စစ်မီးရရှိရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ကွန်ဂရက်ရှိ လူနည်းစုခေါင်းဆောင် အောက်လွှတ်တော်အမတ် မစ္စနန်စီ ပီလိုစီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုံခြုံရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့ကို နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အောက်လွှတ်တော်အမတ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

နိုင်ငံတော်သမ္မတ အနေဖြင့် အမေရိကန် အောက်လွှတ်တော်အမတ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ၎င်းတို့၏အာရှ (၅)နိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံသို့ရောက်ရှိစဉ် လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

# ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ အရာရှိကြီးများမွမ်းမံသင်တန်းဆင်း

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်း အစီအစဉ်အရ ဖွင့်လှစ်ခဲ့သောဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ အရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ က ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ထားရှိသည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍပိုမိုမြင့်မားပြီး စွမ်းဆောင်ရည် မြင့်မားတိုးတက်ကာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်စေရေး ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက် အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

အရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၁)ကို မတ် ၉ ရက်မှ ဧပြီ ၁ ရက်ထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ဖွင့်လှစ်ခဲ့ပြီး ဗဟိုအဖွဲ့အစည်းများ/ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့် အရာရှိကြီးများ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ရှေ့ဖုံးမှ*

၄ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါမိန့်ခွန်းအပြည့်အစုံကို ဧပြီလ ၃ ရက်နေ့ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၄-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃ သတင်း၌ ကော်လံ-၃ စာကြောင်းရေ-၁ တွင် ပါရှိသော Political Dialog အစား Political Dialogue ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(စာတည်းအဖွဲ့)**

# စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အမှတ်(၂၂၈/၂၄၀)ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းကျောင်း၏ Business Talk အစီအစဉ်အရ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က **"ငြိမ်းချမ်းရေးဘောဂဗေဒ" (Peace Economics)** ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ်ရှိ ညီလာခံခန်းမ၌ ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

# နိုင်ဂျီးရီးယားသမ္မတရွေးကောက်ပွဲ စစ်ဘက်ခေါင်းဆောင်ဟောင်း အတိုက်အခံပါတီအနိုင်ရ



**လာဂို့စ် ဧပြီ ၁**

နိုင်ဂျီးရီးယားသမ္မတရွေးကောက်ပွဲတွင် မူဟမ္မာဒူဘူဟာရီက ၎င်းအနိုင်ရမှုသည် အပြောင်းအလဲအတွက် အောင်ပွဲဖြစ်ပြီး ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်းကို သက်သေပြနိုင်ခဲ့ပြီဖြစ်ကြောင်း ချီးကျူးပြောဆိုလိုက်သည်။

မစ္စတာဘူဟာရီက ရာထူးမှဆင်းပေးရတော့မည့် သမ္မတဂွတ်လပ်ဂျိုနသန်အား တန်ဖိုးရှိသော ပြိုင်ဘက်ဖြစ်ကြောင်းလည်း ချီးကျူးပြောဆိုလိုက်သည်။ ဗိုလ်ချုပ် ဘူဟာရီသည် မစ္စတာ ဂျိုနသန်အား ၁၅ ဒသမ ၄ သန်းတွင် မဲပေါင်း ၁၃ ဒသမ ၃ သန်းဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက အဆိုပါ ရွေးကောက်ပွဲကို ယေဘုယျအားဖြင့် ချီးကျူးခဲ့ကြသော်လည်း မဲလိမ်သည်ဟု စွပ်စွဲမှုများရှိခဲ့သည်။

မစ္စတာဘူဟာရီ၏ အေပီစီပါတီသည် နိုင်ဂျီးရီးယား သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပထမဆုံးသော အတိုက်အခံပါတီဖြစ်လာခဲ့သည်။

"သမ္မတဂျိုနသန်ဟာ တန်ဖိုးရှိတဲ့ ပြိုင်ဘက်ဖြစ်ပါတယ်" ဟု စစ်ဘက်ခေါင်းဆောင်ဟောင်း မစ္စတာဘူဟာရီကပြောသည်။ နိုင်ဂျီးရီးယားနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံမှ လွတ်လပ်ရေးရခဲ့ပြီး အကြိမ်ပေါင်းများစွာ အာဏာသိမ်းမှုဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

# ဂျာမန် ပျက်ကျလေယာဉ်၏ တွဲဖက်လေယာဉ်မှူး စိတ်ကျဝေဒနာခံစားရသည်ဟုဆို

**ဘာလင် ဧပြီ ၁**

လုဖ်သန်ဇာဂျာမနီလေကြောင်းလိုင်းက ပျက်ကျလေယာဉ် 4U 9525 ၏ တွဲဖက်လေယာဉ်မှူးသည် ၎င်း၏ စိတ်ဓာတ်ကျဆင်းမှုအခြေအနေကို အဆိုပါလေကြောင်းလိုင်း၏ လေယာဉ်မှူးသင်တန်းကျောင်းသို့ ပြောပြခဲ့သည်ဟု ဆိုသည်။

လေယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ ရှင်းလင်းစေရန်အတွက် ဂျာမနီနိုင်ငံ ဂျူဆယ်လ်ဒေါ့ဖ်မြို့ရှိ အစိုးရရှေ့နေထံ စာရွက်စာတမ်း အထောက်အထားများ ထပ်မံတင်ပြခဲ့ကြောင်း လုဖ်သန်ဇာလေကြောင်းလိုင်းက ဆိုသည်။

အဆိုပါတွဲဖက်လေယာဉ်မှူး၏ E-mail ပေးပို့သည့်စာ၌ အထူးသဖြင့် လေ့ကျင့်မှုနှင့် ဆေးကုသမှုဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပါရှိသည်။

၂၀၀၉ ခုနှစ်က လေယာဉ်မှူးသင်တန်းကျောင်းသို့ ၎င်း၏လေကြောင်းလေ့ကျင့်မှု ပြန်လည်စတင်ရန် ပေးပို့ခဲ့သော ဆေးအထောက်အထား၌ အကြီးအကျယ် စိတ်ဓာတ်ကျဆင်းမှုဝေဒနာကို ခံစားခဲ့ရဖူးသည်ဟု ဖော်ပြထားသည်။

ဂျာမန်တွဲဖက်လေယာဉ်မှူးသည် လများစွာကြာအောင် သင်တန်းမှ ရပ်နားခဲ့ပြီးနောက်တွင် လေယာဉ်ပျံသန်းမှု ဆက်လက်ပြုလုပ်ရန် ကျန်းမာကြောင်း ထောက်ခံစာကို ပြန်လည်လက်ခံရရှိခဲ့သည်ဟု လုဖ်သန်ဇာလေကြောင်းလိုင်းက ဆိုသည်။

အသက် ၂၇ နှစ် ရှိပြီဖြစ်သည့် တွဲဖက်လေယာဉ်မှူး အန်ဒရီယာ့စ်လူဘစ်သည် မတ် ၂၄ ရက်က ဂျာမန်လေယာဉ် A320 ကို ပျက်ကျစေရန် ရည်ရွယ်ခဲ့သည်ဟု ရှေ့နေများက ယူဆခဲ့ကြသည်။

အန်ဒရီယာ့စ်သည် ၂၀၀၈ ခုနှစ်က ဂျာမနီနိုင်ငံ ဘရီမင်ရှိ လေယာဉ်မောင်းသင်တန်းကျောင်း၌ စတင်လေ့ကျင့်ခဲ့ပြီး အကြောင်းတစ်ခုခုကြောင့် ခဏတာရပ်နားခဲ့ကာ ၂၀၁၃ ခုနှစ်က ဂျာမန်တွဲဖက်လေယာဉ်မှူးအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့သည်ဟု လုဖ်သန်ဇာလေကြောင်းလိုင်း၏ အမှုဆောင်အကြီးအကဲ ကာစတန်စဖော်က မတ် ၂၆ ရက်က သတင်းထောက်များကို ပြောပြခဲ့သည်။

ကာစတန်စဖော်၏ ပြောပြချက်အရ လေယာဉ်မှူး အန်ဒရီယာ့စ်သည် လေယာဉ်ပျံသန်းမှုပြုလုပ်ရန် ရာနှုန်းပြည့် ကျန်းမာကြောင်း စစ်ဆေးစမ်းသပ်ပြီးဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် ၁၁၇ နှစ်တွင် ကွယ်လွန်



**အိုဆာကာ ဧပြီ ၁**

ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည့် ဂျပန်နိုင်ငံမှ မီဆာအို အိုကာဝါသည် အသက် ၁၁၇ နှစ်အရွယ်တွင် နှလုံး အားနည်းရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

၎င်းကို ၁၈၉၈ ခုနှစ် မတ် ၅ ရက်တွင် မွေးဖွားခဲ့ပြီး အိုဆာကာမြို့ လူအိုရုံ၌ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ကွယ်လွန်ချိန်တွင် သားသမီးသုံးဦး၊ မြေး လေးဦးနှင့် မြစ်ခြောက်ဦး ကျန်ရစ်ခဲ့သည်။

မစ္စအိုကာဝါအား ၂၀၁၃ ခုနှစ်က ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးအဖြစ်လည်းကောင်း၊ ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ်လည်းကောင်း ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းစာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

မစ္စအိုကာဝါက မတ်လအစောပိုင်းတွင်ကျရောက်သော မွေးနေ့အခမ်းအနား၌ ၁၁၇ နှစ်ဆိုသည်မှာ ကြာသည်ဟု မထင်ရကြောင်း ပြောကြားခဲ့သည်။

အသက်ရှည်ရခြင်း၏ အဓိကအကြောင်းအရင်းသည် ညပိုင်းတွင် အနည်းဆုံး ၈ နာရီအိပ်ပြီး ၎င်းနှစ်သက်ရာ ဆူရှီအစားအစာကို စားသောက်ခဲ့၍ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**(ဘီဘီစီ)**

# ဂျပန်ကက်ဘိနက်အကြီးအကဲ လေတပ်စခန်းရွှေ့ပြောင်းရေး ဆွေးနွေးရန်ရှိ

**တိုကျို ဧပြီ ၁**

အိုကီနာဝါဒေသတွင်းရှိ အမေရိကန်လေတပ်စခန်း ပြန်လည်ရွှေ့ပြောင်းရေးအတွက် ဂျပန်ကက်ဘိနက်အကြီးအကဲ ယိုရှီဒိုဆူဂါနှင့် အိုက်နာဂါမြို့တော်ဝန်တို့ ဆွေးနွေးရန်ရှိကြောင်း ဆူဂါက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

၎င်းဆွေးနွေးပွဲသည် အိုကီနာဂါ၏ ဝန်ထုပ်ဝန်ပိုးများ လျှော့ချရေးအတွက် တာဝန်ရှိသူဝန်ကြီးတစ်ဦးဖြစ်သည့် ဆူဂါအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်းလေတပ်စခန်းအား လူနေထူထပ်သည့်ဂျီနိုဝပ်ဒေသမှ လူဦးရေနည်းပါးသည့် နာဂိုဒေသသို့ ပြောင်းရွှေ့အခြေစိုက်ရေးကိစ္စတွင် ဗဟိုအစိုးရနှင့် အိုကီနာဝါဒေသအစိုးရတို့အကြား သဘောထားကွဲလွဲခဲ့ပြီးနောက် ယခုကဲ့သို့ ဆွေးနွေးရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ကျွန်တော့်အနေနဲ့ ပူတန်ဗာလေတပ်စခန်းအပေါ် အစိုးရရဲ့ သဘောထားအမြင်တွေကို ရှင်းပြမှာဖြစ်ပြီး ၎င်းမှာရှိနေတဲ့ အန္တရာယ်တွေကိုဖယ်ရှားဖို့ နည်းလမ်းရှာမှာပါဟု ဆူဂါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **(ကျိုဒို)**

# ယီမင်နိုင်ငံကို ဆော်ဒီတိုက်ခိုက်မှုတွင် အမေရိကန် စစ်သင်္ဘောများ ပူးပေါင်းပါဝင်

**ဆာနား ဧပြီ ၁**

အမေရိကန်ရေတပ်သည် ယီမင်ကို လေကြောင်းမှ တိုက်ခိုက်နေသော ဆော်ဒီအာရေဗျနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာသတင်း အရင်းအမြစ်မှ သိရသည်။ အမေရိကန်စစ်သင်္ဘောများသည် တနင်္လာနေ့က ယီမင်နိုင်ငံကို လေကြောင်းမှ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်က ရုရှားမီဒီယာသို့ ပြောခဲ့သည်။

အမေရိကန်သင်္ဘောများသည် ယမန်နေ့က ဆာနာရာမြို့တွင် ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည်။ ဒုံးကျည်တပ်မဟာတစ်ခုကို ခရုဇ်ဒုံးပျံခြင့် ပစ်ခတ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်တွင် ဖော်ပြထားသည်။

ဆော်ဒီဦးဆောင်သည့် လေကြောင်းမှ တိုက်ခိုက်မှုများသည် ဆာနာရာမြို့တောင်ပိုင်းအနီး ဖတ်ဂျ်အာသန်ရှိ ဟူသီသူပုန်များ၏ ဒုံးကျည်ထားရှိရာနေရာကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့သည်ဟု မျက်မြင်သက်သေများက ပြောသည်။ အမေရိကန်ပါဝင်မှုကြေညာချက်သည် အမေရိကန်စစ်တပ်နှင့် ဆော်ဒီတို့ အတူတကွပူးပေါင်း၍ ယီမင်ကို တိုက်ခိုက်သည့် ပထမဆုံးခြေလှမ်းဖြစ်သည်။ ဗုဒ္ဓဟူးနေ့တွင်ပြုလုပ်ခဲ့သော နောက်ဆုံးလေကြောင်းတိုက်ခိုက်မှု၌ ၂၉ ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ယီမင်အနောက်ပိုင်းပြည်နယ်ရှိ အစားအသောက်စက်ရုံတစ်ခုကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ တိမ်းရှောင်နေသော ယီမင်သမ္မတဟောင်း အက်ဒ်ရာဘတ်မန်ဆောဟာဒီ အာဏာပြန်လည်ရရှိရန် ကြိုးပမ်းရာတွင် ယီမင်နိုင်ငံ၌ ဆော်ဒီက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ ကွန်ဂရက်လူနည်းစု ခေါင်းဆောင် အောက်လွှတ်တော်အမတ် မစ္စ နန်စီ ပီလိုစီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦးနှင့် ဦးခက်ထိန်နန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာ ဝင်းမြင့်၊ ဒေါက်တာမျိုးအောင်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်နန်းနွံနှင့် ဒေါ်မိမြင့်သန်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အောက်လွှတ်တော်အမတ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဧည့်သည်တော် အောက်လွှတ်တော်အမတ် မစ္စနန်စီပီလိုစီတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ ကွန်ဂရက်လူနည်းစု ခေါင်းဆောင် အောက်လွှတ်တော်အမတ် မစ္စ နန်စီ ပီလိုစီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

# ရန်ကုန်-မန္တလေးလမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ ယာဉ်မတော်တဆထိခိုက်မှုလျော့နည်းရေးဆွေးနွေး

**နေပြည်တော် မေ ၁**

ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေသည် Heineken ကုမ္ပဏီအဖွဲ့နှင့် Vriens& Partners (မြန်မာပြည်ရုံးခွဲ) မှ Ms.Zita Schelleken ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(၁) ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**



အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေနှင့်အတူ အတွင်းရေးမှူး ဦးအေးဖေ၊ တွဲဖက်အတွင်းရေးမှူး ဦးမျိုးဆွေနှင့် ကော်မတီအဖွဲ့ဝင် ဦးရဲထွန်းတို့ တက်ရောက်ခဲ့ကြပြီး Heineken ကုမ္ပဏီအနေဖြင့် ရန်ကုန်-မန္တလေး လမ်းတစ်လျှောက်ရှိ ကျေးရွာများအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ လာရောက်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Heineken ကုမ္ပဏီတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကာတွန်းပြိုင်ပွဲကျင်းပ

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Heineken ကုမ္ပဏီတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကာတွန်းပြိုင်ပွဲကို မတ် ၃၁ ရက်က ပဲခူးမြို့ ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ K.M Mark ဆိုင်ရှေ့၌ ကျင်းပခဲ့သည်။

ထိုပြိုင်ပွဲတွင် ပြည်သူများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြောကြားသည်များကို ကာတွန်းဆရာများက သရုပ်ဖော်ကာတွန်းပုံများ ဆွဲပေးပြီး ပြိုင်ပွဲဝင်ခဲ့သည်။ ယင်းကာတွန်းပြိုင်ပွဲကို မတ် ၁ ရက်မှ မေ ၂၅ ရက်ထိ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ မိတ္ထီလာနှင့် မန္တလေးမြို့များရှိ ပြည်သူများ၏ ကာတွန်းများဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုကို ငွေကျပ် ငါးသိန်း၊ တတိယဆုကို ငွေကျပ် သုံးသိန်း အသီးသီး ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# စဥ့်ကူးမြို့နယ် ညောင်ပင်ရွာ အဆင့်မြင့်စက်ချုပ် အထူးသင်တန်းဆင်း

**နေပြည်တော် မေ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်ခဲ့သော မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ညောင်ပင်ရွာ အဆင့်မြင့် စက်ချုပ် အထူးသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် ညောင်ပင်ရွာ မဟာနန္ဒိယာရာမ ပေါ်တော်မူ ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက ဩဝါဒမိန့်ကြားပြီး ထူးချွန်ဆု(ပထမ) ရရှိသူ မယဉ်မာမြင့်၊ ဒုတိယဆုရရှိသူ မဇင်မာအေးနှင့် တတိယဆုရရှိသူ မဆုမွန်ကျော်တို့အား ဆုများ ပေးအပ်သည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က အမျိုးသမီးငယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်သည်။

သင်တန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၁၅ မေ ၃ ရက်အထိ ရက်သတ္တ ၁၅ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းသူစုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တွေ့ဆုံမေးမြန်း

# ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်ကြသူများ

**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းရရှိနိုင်ရန် သတ္တမအကြိမ်မြောက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲ အပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့၌ အခန်း ၇ ခန်း၊ အပိုဒ် (၃၃)ပိုဒ်ပါ သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပြီး ဖြစ်ပါသည်။**

အဆိုပါ သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား အပြီးတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၌ ပြုလုပ်သည့် ယင်းစာချုပ်မူကြမ်း ရရှိနိုင်ရေးအတွက် ပါဝင် ဆောင်ရွက်ခဲ့ကြသူများ၏ "ငြိမ်းချမ်းရေး အောင်ပွဲစကားသံ" တီဗွီရိုက်ကူးရေး အစီအစဉ်သို့ မြန်မာ့သတင်းစဉ် ပြည်တွင်းမှ သွားရောက် သတင်းရယူခဲ့သည်။ ယင်းအစီအစဉ်တွင် ပါဝင်ခဲ့သူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်။


ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း


ပဒိုစောကွယ်ထူးဝင်း


ဦးအောင်နိုင်ဦး

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (အဖွဲ့ဝင်)**

**တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ဒီနေ့ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက်ရော ပါဝင်ပတ်သက်တဲ့ ပုဂ္ဂိုလ်အားလုံးအတွက်ရော အင်မတန်မှ ဝမ်းသာရမယ့် နေ့တစ်နေ့လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တိုင်းပြည်မှာ လွတ်လပ်ရေးရပြီး ကတည်းက ပူးတွဲပါလာတဲ့ ပဋိပက္ခတွေ ချုပ်ငြိမ်းနိုင်ဖို့အတွက် ပထမခြေလှမ်းစပြီလို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ကြိုးစားပြီးတော့မှ အခုလို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအားလုံး အတူတကွ လက်မှတ်ရေးထိုးနိုင်ရင် အဲဒီစာချုပ်ချုပ်ပြီးတာနဲ့တစ်ပြိုင်နက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ပြီး ကျွန်တော်တို့ မျှော်မှန်းထားတာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကျင်းပမယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကနေပြီးတော့ ပင်လုံစာချုပ်လို ပြည်ထောင်စု ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုမယ်။ အဲဒီစာချုပ်အတိုင်း ပြည်ထောင်စုကြီးကို အေးချမ်းသာယာအောင် တိုင်းရင်းသားလူမျိုးအားလုံး လိုလားနေတဲ့ ဒီမိုကရေစီအရေး၊ အမျိုးသား တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ပြည်ထောင်စုကြီးကို တည်ထောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အဲဒီပြည်ထောင်စုကြီးဟာ အခုမှ ကျွန်တော်တို့ စိတ်ကူးယဉ်တာမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအားလုံး ပင်လုံညီလာခံမှာ မျှော်မှန်းခဲ့ပြီး ပင်လုံစာချုပ်နဲ့အတူတူ ထူထောင်ဖို့ ကြိုးစားခဲ့တဲ့ ပြည်ထောင်စုကြီး ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီနေ့ဟာ ကျွန်တော်တို့ခေတ်မှာ ရှိနေတဲ့လူတွေရဲ့ အိပ်မက်သာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို စတင်ထူထောင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသား လူမျိုးခေါင်းဆောင်အားလုံးရဲ့ အိပ်မက်ကြီးကို ကျွန်တော်တို့ အကောင်အထည် ဖော်ဖို့ ပထမခြေလှမ်းဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ပဒိုစောကွယ်ထူးဝင်း (ဒုတိယအဖွဲ့ခေါင်းဆောင်)**

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ကျွန်တော်တို့ တိုင်းပြည်အတွက် ကျွန်တော်တို့ မြန်မာပြည်ရဲ့သမိုင်းမှာ ပထမဦးဆုံး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းနဲ့ အစိုးရနဲ့ တစ်ပြည်လုံး၊ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် အတည်ပြုမူကြမ်း ကတိပြုစာချုပ်ကို ဒီနေ့မှာ ရရှိနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒီစာချုပ်ရရှိဖို့အတွက် UPWC နဲ့ NCCT တို့ဆွေးနွေးလာတာ ကာလအားဖြင့် ၁၅ လ ကြာခဲ့ပါပြီ။ တွေ့ဆုံမှုကလည်း တရားဝင်တွေ့ဆုံမှုက (၇)ကြိမ်၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုကလည်း အကြိမ် (၂၀) ကျော်ပြီ။သွားရတဲ့ခရီးတွေ၊ တစ်ဖက်နဲ့တစ်ဖက် သဘောတူညီမှု ရရှိဖို့အတွက် ဆွေးနွေးပွဲတွေကိုလည်း လတိုင်း နေ့နေ့ညည ကြိုးစားလာခဲ့ရပါတယ်။

ဒီငြိမ်းချမ်းရေး သဘောတူညီမှုရဖို့အတွက် ကျွန်တော်တို့ ကုန်ကျစရိတ်လည်း အတော်များခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက သဘောတူစာချုပ် အတည်ပြုမူကြမ်းကို ရရှိဖို့အတွက် ကြိုးစားလာခဲ့တဲ့ ဒီကနေ့မှာ အဲဒီစာချုပ်ကို အတည်ပြုနိုင်ခဲ့ပြီ။ ဒါဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးအတွက် တည်ဆောက်တဲ့နေရာမှာ ပထမခြေလှမ်းဖြစ်တယ်။ တစ်ကြိမ်မှလည်း မရှိခဲ့ဖူးဘူး။ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပွားလာခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ ဒေသမှာဖြစ်ခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် ကျွန်တော်တို့ တိုင်းရင်းသား အထူးသဖြင့် တိုင်းရင်းသားလူမျိုးတွေရဲ့ ဒေသမှာဆိုရင် သူတို့ရဲ့ဘဝ၊ ပညာရေး၊ ကျန်းမာရေး နိမ့်ကျစေတယ်။ အထူးသဖြင့် ကရင်အမျိုးသားတွေရဲ့ ဒေသမှာ ဒီလက်နက်ကိုင် ပဋိပက္ခတွေကြောင့် ကျွန်တော်တို့ပြည်သူတွေဟာ အိုးမဲ့အိမ်မဲ့ဖြစ်နေရတယ်။ ဒီတော့ ငြိမ်းချမ်းရေးရရှိမှလည်း ဘဝတွေကို ပြန်လည်ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးကလည်း ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ ကျွန်တော်တို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနဲ့ အစိုးရလည်း နိုင်ငံတော်သမ္မတ ဦးဆောင်မှုအောက်မှာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ ပထမဦးစွာ ခြေလှမ်းဖြစ်တဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ရဲ့ အတည်ပြုမူကြမ်း ရလာခဲ့ပြီ။ ကျွန်တော်တို့ နှစ်ဖက်ရဲ့ ဖြတ်သန်းလာတဲ့ တွေ့ဆုံညှိနှိုင်းမှုဟာ နှစ်ဖက်ကြိုးစားမှု၊ ကျွန်တော်တို့ရဲ့ ဆန္ဒ၊ ကျွန်တော်တို့ရဲ့ သည်းခံမှုနဲ့ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုအပေါ်မှာ သဘောတူစာချုပ်ကို ရရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ရှေ့ဆက်လှမ်းမယ့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကို ညှိနှိုင်းပြီး အဖြေရှာသွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ တကယ့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ စာချုပ်ကိုပြန်ကြည့်မယ်ဆိုရင် ကျွန်တော့်အနေနဲ့ အတော်အားရ ကျေနပ်တယ်၊ နှစ်ဖက်စလုံးက ခေါင်းဆောင်တွေကို ကျွန်တော် အထူးကျေးဇူးတင်တယ်။

ဒီစာချုပ် ရရှိဖို့အတွက် ကျွန်တော်တို့ ငြင်းကြ၊ ခုံကြ နောက်ဆုံး ပြည်သူလိုလားတဲ့ သဘောတူစာချုပ်မူကြမ်း ရလာတဲ့ အပေါ်မှာ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့ ငြိမ်းချမ်းရေးအတွက် ပိုမိုတောက်ပတဲ့ အနာဂတ်ရှိလာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**ဦးအောင်နိုင်ဦး**

**ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ် (တွဲဖက်ဒါရိုက်တာ)**

**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)**

ကျွန်တော်တို့ကတော့ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်းပဲ လက်နက်ကိုင်ပဋိပက္ခဒေသတွေမှာ သွားခဲ့ လာခဲ့ ပြောခဲ့ကြ တွေ့ခဲ့ကြတယ်။ အထူးသဖြင့်တော့ လက်နက်ကိုင် ပဋိပက္ခမှာရှိတဲ့ ပြည်သူတွေနဲ့ မြို့ကြီးတွေမှာရှိတဲ့ ပြည်သူတွေရဲ့ ကွာခြားချက်ကိုမြင်ရတော့ ပြောမပြတတ်အောင် ခံစားခဲ့ရပါတယ်။ အခုကျွန်တော်တို့ရရှိလာခဲ့တဲ့ နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဟာ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခဒေသတွေမှာရှိနေတဲ့ ပြည်သူတွေအတွက် လက်ဆောင်မွန်တစ်ခု ဖြစ်တယ်လို့ ခံယူပါတယ်။ ဒီလက်ဆောင်ဟာ ယာယီလက်ဆောင်ကနေ ထာဝရလက်ဆောင်ဖြစ်အောင်လို့ ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးခရီးဟာ မလွယ်ပါဘူး။ ခက်ခဲကြမ်းတမ်းပါတယ်။ ဒီမှာရှိတဲ့ NCCT ရော၊ UPWC ရော၊ အစိုးရဘက်က ခေါင်းဆောင်များပါ ဒီငြိမ်းချမ်းရေးခရီးကြမ်းကို မရရအောင် လျှောက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါဟာ ထာဝရလက်ဆောင်မွန် ပေးချင်လို့ပဲဖြစ်ပါတယ်။ ဒီထဲမှာ ကျွန်တော်တို့အနေနဲ့ တစ်တပ်တစ်အား ပါဝင်ပြီးတော့ ဝိုင်းဝန်းလုပ်ကိုင်ပေးရတဲ့အတွက် ပုဂ္ဂိုလ်ရေးအရရော အဖွဲ့အစည်းအရရော အင်မတန်အားရပြီး ကျေနပ်တယ်။

**ဦးနိုင်ဟံသာ(အဖွဲ့ခေါင်းဆောင်)**

**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ကျွန်တော့်အနေနဲ့က ကျွန်တော်တို့နိုင်ငံမှာ အစိုးရအဆက်ဆက်က ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေအပေါ်မှာ နိုင်ငံရေးပြဿနာကြောင့် ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်ပဋိပက္ခ ဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုပြီးတော့ နိုင်ငံရေးအရ ဖြေရှင်းတဲ့ပုံစံမျိုးတစ်ကြိမ်မှ မရှိခဲ့ဘူး။ ဒါပေမယ့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးအတွက် စီစဉ်လာတော့ အစိုးရမှာအတွေးအခေါ်တွေ ပြောင်းလဲလာပြီလို့ ကျွန်တော်တို့ လက်ခံတယ်။ တကယ့် အပစ်ရပ်ပြီးရင် တရားမျှတ ပွင့်လင်းမြင်သာတဲ့ စစ်မှန်တဲ့နိုင်ငံရေး ဆွေးနွေးပွဲကြီးကို ကျင်းပပေးဖို့လိုပါတယ်။ တိုင်းရင်းသားအားလုံး ကျေကျေနပ်နပ်နဲ့ပါဝင်ပြီး သူတို့ အခွင့်အရေးတွေကို တောင်းဆို ဆွေးနွေးရင်း ပြေလည်သွားရင် ကျွန်တော်တို့နိုင်ငံက အေးချမ်းမှာပဲ။

ကျွန်တော်အဓိက ပြောချင်တာကတော့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့ နိုင်ငံရေးဆွေးနွေးဖို့ဆိုပြီးတော့ လမ်းဖွင့်ပေးလာတဲ့ အနေအထားက အစိုးရရဲ့အတွေးအခေါ် ပြောင်းလဲလာတယ်လို့ ကျွန်တော်မြင်တယ်။ ဒီလိုအစိုးရဘက်က ပြောင်းလဲလာရတာကလည်း ကျွန်တော်တို့နိုင်ငံတော်မှာရှိတဲ့ ခေါင်းဆောင်တွေ၊ နိုင်ငံရေးပညာရှင်တွေနဲ့ နိုင်ငံတကာက အပါအဝင် ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခကို လက်နက်အားကိုးနဲ့ ဖြေရှင်းဖို့မဖြစ်နိုင်ဘူးလို့ အမျိုးမျိုး သဘောထားပေးပြီး လက်တွေ့ပြပြီး ထောက်ပြလာတယ်။ ပြည်သူအများစုကလည်း လက်ခံလာတော့ ဒီနေ့နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်မှာ လက်တွေ့အကောင်အထည် ပေါ်လာတာ ဖြစ်ပါတယ်။

**ဦးလှမောင်ရွှေ (အကြီးတန်းအကြံပေး)**

**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)**

လွန်ခဲ့တဲ့ ၂၀၁၁ ဩဂုတ်လ ၁၈ ရက်နေ့မှာ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကို ဖိတ်ခေါ်ခဲ့တယ်။ အဲဒီကစပြီးတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တစ်ထောင့်တစ်နေရာကနေပြီးတော့ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ပြီး အတတ်နိုင်ဆုံးလုပ်နိုင်တဲ့နည်းလမ်းတွေနဲ့ လုပ်ခဲ့တာပါ။ ဒီနေ့တော့ ကျွန်တော့်ရဲ့ဝမ်းသာမှုဟာ စကားလုံးဖော်ပြမှု ခက်လောက်အောင်ကို ဖြစ်ရပါတယ်။ လက်ရှိတာဝန်ယူနေတဲ့ နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်ကစပြီးတော့ NCCT ခေါင်းဆောင်တွေအားလုံး၊ တိုင်းရင်းသားအားလုံးကို ကျေးဇူးတင်ပါတယ်။ ဆရာဦးနိုင်ဟံသာ ပြောသွားတဲ့အထဲမှာ သမိုင်းကြောင်းတွေပါပါတယ်။ ဘယ်အစိုးရပဲဖြစ်ဖြစ် ငြိမ်းချမ်းရေးကို လိုချင်ပါတယ်။ ဒါပေမယ့် ဒီနေ့ရောက်တဲ့အဆင့်ထိကိုတော့ အကြောင်းကြောင်းကြောင့် မရောက်လာနိုင်ခဲ့ကြဘူး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်မှာ တစ်ဖွဲ့ချင်းနဲ့လည်း ဆွေးနွေးတယ်။ ပြီးတော့မှ တိုင်းရင်းသားတွေဘက်က စုဖွဲ့ပြီး ဆွေးနွေးချင်တယ်ဆိုတော့လည်း လက်ခံတယ်။ တိုင်းရင်းသားတွေ နဲ့ စုဖွဲ့ထားတဲ့ NCCT နဲ့ပထမဦးဆုံး ဆွေးနွေးခဲ့တယ်။ ပြီးတော့ ယုံကြည်မှု တည်ဆောက်တယ်။ ဒီနေ့လက်မှတ်ရေးထိုးခဲ့တဲ့ NCA စာချုပ်ဟာ တိုင်းရင်းသား ခေါင်းဆောင်တွေအားလုံးက အဆိုပြုတာပါ။ ဒီအဆိုပြုတဲ့ဟာကို ကောင်းမွန်တဲ့ဆန္ဒနဲ့ ညှိနှိုင်းရင်းကနေပြီးတော့ အခုအခြေအနေ ရောက်လာတယ်။

ဒါကို ကျွန်တော်ကတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ကို ဝမ်းသာပီတိဖြစ်မိတယ်။ ဒါဟာ ပထမဦးဆုံးတောင်ကို အောင်အောင်မြင်မြင် တက်နိုင်တာပေါ့။ နောက်ထပ် တောင်ကုန်းများစွာကို ကျော်ဖြတ်ရဦးမှာပါ။ ဒီနေ့ဟာ အစပျိုးတဲ့ အောင်မြင်မှုပေါ့။ ဒီအောင်မြင်မှုကို ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ မိဘပြည်သူတွေနဲ့ပါဝင်သက်ဆိုင်သူ (Stake-holders) တွေ အားလုံးဝိုင်းဝန်း ထိန်းသိမ်းပြီးတော့မှ ဒီလမ်းကြောင်းက မသွေဖည်ဘဲနဲ့ တစ်ဆင့်ပြီး တစ်ဆင့် ရှေ့ကိုဆက်ပြီးတော့ သွားနိုင်အောင်လုပ်ရမယ်။ ဒီခရီးက ခရီးရှည်ဖြစ်တယ်။ နိုင်ငံတော်သမ္မတ အနေနဲ့ ၂၀၁၅ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ နေပြည်တော်မှာလုပ်တဲ့ ပြည်ထောင်စုနေ့ အခမ်းအနားမှာ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးရေး ကတိကဝတ်ပြုမှုဆိုတာကို သူကိုယ်တိုင်လက်မှတ်ရေးထိုးပြီးတော့ ပြည်သူတွေကို၊ တိုင်းရင်းသားတွေကို သူကိုယ်သူကတိကဝတ်ပြုခဲ့တာ ရှိပါတယ်။ ဒါကတော့ ကောင်းမွန်တဲ့ဆန္ဒနဲ့ ငြိမ်းချမ်းရေးကို ရအောင်ကြိုးပမ်းမယ်။ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးဆွေးနွေးပွဲဆီ ရောက်အောင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုတဲ့ ကတိကဝတ်ပြုခဲ့မှုကို ထပ်လောင်းပြောချင်ပါတယ်။

ကျွန်တော်တို့အားလုံး ရှေ့ကို ဒီထက်ပိုပြီးတော့ ကြိုးစားဖို့လိုတယ်။ စဆွေးနွေးစဉ်က NCCT ခေါင်းဆောင်များဘက်က ယုံကြည်မှု သိပ်မရခင်တုန်းက အဆိုပြုခဲ့တာ ရှိတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ကြီးကို လက်မှတ်ရေးထိုးတဲ့နေ့ကနေ ရက်ပေါင်း ၆၀ အတွင်းမှာ နိုင်ငံရေးမူဘောင်ဆိုင်ရာ ဆွေးနွေးပွဲ လုပ်ရမယ်။ လက်မှတ်ရေးထိုးတဲ့နေ့ကနေ ရက်ပေါင်း ၉၀ အတွင်းမှာ ပါဝင်သင့် ပါဝင်ထိုက်သူတွေပါတဲ့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ လုပ်ရမယ်ဆိုတဲ့ ကတိကဝတ်တောင်းတာကို ပြည်ထောင်စုဘက်က လိုက်လျောခဲ့တယ်။ NCA မူကြမ်းကို တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တွေပါဝင်တဲ့ ညီလာခံမှာ အတည်ပြုပြီး သိပ်မကြာခင်မှာ လက်မှတ် ရေးထိုးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဒီအရာတွေကို ဆက်လက်ဆောင်ရွက်နိုင်မှသာ သမ္မတကြီး ဦးသိန်းစိန် လက်ထက်ကစခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က အဆင့်တစ်ခုမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် လုပ်ထားနိုင်မယ်။ ဒါကို လုပ်ထားနိုင်မယ်ဆိုရင် ရွေးကောက်ပွဲအပြီးမှာ တက်လာမယ့် နောင်အစိုးရက ဒါကိုဆက်သွားနိုင်မယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ ခရီးရှည်ကြီးပါ။ လာမယ့် နေပြည်တော်မှာ ဆောင်ရွက်ဖို့မျှော်လင့်ထားတဲ့ လက်မှတ်ရေးထိုးပွဲပြီးရင် နောက်ထပ်အဆင့်တစ်ခုကို ရောက်သွားမှာပါ။ နောက်ထပ် တံခါးပေါင်းများစွာဆက်ဖွင့်ရမယ်။ တောင်ပေါင်းများစွာ တက်ရပါမယ်။ ဒါတွေအားလုံးဟာ အနာဂတ်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံးကို လက်ဆင့်ကမ်းနိုင်ဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးအတွက် စခဲ့တဲ့ဒီနေ့အောင်ပွဲလို အောင်ပွဲပေါင်းများစွာကို ဆက်သွားဖို့ လိုပါတယ်။

**ဒေါက်တာဆလိုင်းငွန်ကျုံးလျန် (ဥပဒေအကြံပေး)**

**မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

ဒီနေ့ကျွန်တော်ဝမ်းသာတယ်။ ဝမ်းနည်းတယ်။ နောက်စိုးရိမ်ရတဲ့ ကိစ္စတွေရှိပါတယ်။ လက်မှတ်ရေးထိုးပြီးတာနဲ့ ကျွန်တော့်မှာဒီခံစားချက်သုံးခုက ဒုက္ခပေးပါတယ်။ ပထမအချက်က ကျွန်တော်တို့ ၈၈ မှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့လို့ တောထဲရောက်သွားခဲ့ရတယ်။ ကျွန်တော်တို့ လိုရောက်ခဲ့တဲ့ အခြားအဖွဲ့အစည်းတွေ အများကြီးရှိတယ်။ နိုင်ငံရေးပြဿနာကိုပြောကြရင်း တချို့ကတော့ သေသွားကြပြီ။ သူတို့အကြောင်းတွေ စဉ်းစားမိတော့ ဒီလိုပျော်စရာကောင်းတဲ့ နေ့မျိုးမှာသူတို့ ရှိရင် ဘယ်လောက်များ ပျော်လိုက်ကြမလဲပေါ့။ တစ်ဖက်မှာလည်း နှစ်

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘဏ္ဍာငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းပြီး အချိန်မီ ပြီးစီးအောင်မြင်စေရေးနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးက တင်သွင်းရာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က အဆိုကို အတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်း၊ တံတားလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ အရည်အသွေး စိစစ်ရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း၍ ပွင့်လင်းမြင်သာပြီး တိကျသေချာသော တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရာတွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် နိုင်ငံတော်အစိုးရအဖွဲ့မှ ညွှန်ကြားထားသည့် **"ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်များ"** အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှ စတင်၍ ဖော်ဆောင်လျက်ရှိရာ အမိန့်ကြော်ငြာစာ ၄၂/၈၆ ပါ ဘဏ္ဍာရေး စည်းမျဉ်းများကိုလည်း ခေတ်နှင့် လျော်ညီအောင်ပြင်ဆင်ရေးကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ရည်မှန်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လစာနှုန်းများ တိုးမြှင့်ပေးထားသည်နှင့်အမျှ လစာစရိတ်နှင့် ပတ်သက်သည့် သာမန်အသုံးစရိတ်များကို ပိုမိုဂရုပြု၍ စိစစ်ကြပ်မတ်သွားမည် ဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းအလိုက် အမြဲတမ်းဝန်ထမ်း၊ နေ့စားဝန်ထမ်း ခန့်အပ်မှုများကို စိစစ်ခြင်း၊ လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အားမျှတမှု ရှိ မရှိ၊ အင်အားဖောင်းပွနေမှု ရှိ မရှိ တို့ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပုံမှန်ဆောင်ရွက်နေမှုများအပြင် ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့သည့် **"ဘဏ္ဍာငွေသုံးစွဲမှု စနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီ"** မှလည်းထပ်ဆင့်၍သာမန်အသုံးစရိတ်ဆိုင်ရာဆပ် ကော်မတီ၊ ငွေလုံးငွေရင်း အသုံးစရိတ်ဆိုင်ရာ ဆပ်ကော်မတီတို့ကိုဖွဲ့စည်းပြီး ဘဏ္ဍာငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရန် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုတင်သွင်းသည့် အရေးကြီးအဆိုတွင် တင်ပြသည့်အတိုင်း မိမိတို့ဆောင်ရွက်လျက်ရှိသည်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန်နှင့် ဆက်လက်၍ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် အဆိုတွင်ပါရှိသည့်လိုအပ်ချက်များ ယခုထက်ပိုမိုပြည့်စုံရေးအတွက် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများနှင့် လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီကို လိုအပ်သလိုရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စာရင်းဆိုင်ရာ သဘောထားအကြံဉာဏ်များပေးခြင်း၊ လိုအပ်ချက်များထောက်ပြ အကြံပြုခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ စာရင်းစစ်ရုံး အဆင့်ဆင့်၏ ဖွဲ့စည်းပုံ အင်အား၊ ခန့်ထားအင်အားတို့ကို ထမ်းဆောင်ရသည့် လုပ်ငန်းပမာဏ၊ နိုင်ငံတော်၏ ခွင့်ပြုနိုင်သည့် အင်အားပမာဏတို့နှင့် ကိုက်ညှိပြီး ခန့်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှိရင်းစာရင်းစစ်ဝန်ထမ်းများကို အဆင့်ဆင့်သော မွမ်းမံသင်တန်းများပေးခြင်း၊ လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်ခြင်းဖြင့် တာဝန်ထမ်းဆောင်နိုင်မှု အင်အားကို တိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအသီးသီး၏ စာရင်း/ဘဏ္ဍာရေး/ဌာနတွင်း စာရင်းစစ်ဝန်ထမ်းများအတွက်လည်း စာရင်းကိုင်၊ စာရင်းစစ်၊ ဝန်ထမ်းစည်းမျဉ်း ဘဏ္ဍာရေးစည်းမျဉ်းစသည့် ဘာသာရပ်များကို သင်ကြားပေးရန်အတွက် သင်တန်းအဆင့် (၃)မျိုးကိုလည်း ဖွင့်လှစ်ပို့ချပေးနေပါကြောင်း။

အလားတူ ဝန်ကြီးဌာနများ၌ ပို့ချသည့် သင်တန်းများတွင်လည်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ သင်တန်းကထိက/နည်းပြများ ပါဝင်သင်ကြားပေးသည့်အပြင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ သင်တန်းများတွင်လည်း အခြားဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ပါဝင်ပို့ချပေးလျက်ရှိပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လှိုင်လင်-ပန်ကေတု-သီပေါလမ်းကို ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။**
(သတင်းစဉ်)

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်ခြင်း၊ ကော်မရှင်သက်တမ်းသတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးတာဝန်ကို ကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် ဥပဒေပေါင်း ၁၄၉ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ အတွေ့အကြုံ၊ အရည်အချင်းနှင့် ကြိုးစားအားထုတ်မှုများ ပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းအား ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သတ်မှတ်ပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသည်။



**လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် မေးမြန်းစဉ်။**
(သတင်းစဉ်)

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ **လဲချားမြို့နယ်အတွင်း လမ်းတံတားများကို ချဲ့ကားပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လှိုင်လင်-ပန်ကေတု-သီပေါလမ်းကို ၂၀၁၄-၂၀၁၅ ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၀၅ သန်းဖြင့် ဖာထေးပြုပြင်ခြင်း ၇ မိုင် ၄ ဖာလုံကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားခြောက်စင်းကိုလည်း ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ လဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းအွတ်-မိုင်းကောင်းလမ်းရှိ လဲချားမြို့အပိုင်းကို ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လဲချားမြို့နယ်အတွင်း ဖြတ်သန်းသွားသည့် လှိုင်လင်- ပန်ကေတု- သီပေါလမ်းနှင့် လဲချား- မိုင်းနောင်- မိုင်းအွတ်- မိုင်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းအား အတည်ပြု

**နေပြည်တော် မေ ၁**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ သတ္တုတွင်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများမေးမြန်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **ကျေးရွာပိုင်မြေနှင့် သတ္တုမိုင်းမြေကို ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ကလေးဝမြို့နယ် ကလေးဝကျောက်မီးသွေး သတ္တုတွင်းနှင့် သစ်ချောက်ဒေသတွင် ကျောက်မီးသွေး အကြီးစားထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်နေသည့် ထူးအပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစုကုမ္ပဏီလီမိတက်မှ ဆေးရုံ၊ ဆေးခန်း မြေနေရာ ၁ ဒသမ ၂၈ ဧကနှင့် အဆောက်အအုံများကို သတ္တုတွင်းဝန်ကြီးဌာနမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့သို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ သစ်ချောက် ကျေးရွာ(၈) ရပ်ကွက်နှင့် ကျောက်အုံကျေးရွာတို့ကို အလားတူ လွှဲပြောင်းပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အတိုင်း ကျေးရွာမြေလွှဲပြောင်းရေးကိစ္စများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။



**ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားစဉ်။**
(သတင်းစဉ်)

ဆက်သွယ်ရေး ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝန မေးမြန်းစဉ်။**
(သတင်းစဉ်)

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇဝန၏ **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငှားရမ်းထုတ်ပေးထားသော CDMA(450 MHz)ဖုန်း၏ အနာဂတ်စီမံဆောင်ရွက်မည့်အခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် CDMA(450 MHz)စနစ်ထက် GSM/UMTS စနစ်ကို အသုံးပြုလာသဖြင့် ရေဒီယိုစက်ပစ္စည်းများနှင့် ဟမ်းဆက်များထုတ်လုပ်သူ ရှားပါးလာခြင်းကြောင့် လည်းကောင်း၊ International Roaming ဆောင်ရွက်ရာတွင် အခက်အခဲရှိ၍ ကျယ်ပြန့်စွာ အသုံးပြုမှုနည်းပါးလာခြင်းကြောင့်

*စာမျက်နှာ ၉ ကော်လံ ၃ သို့*

ပြည်တွင်းသတင်း

# ဘဏ္ဍာရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်

နေပြည်တော် မေ ၁

**မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် တာဝန်ယူမှုရှိပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော၊ အရည်အသွေး ပြည့်ဝသော ငွေကြေးဝန်ဆောင်မှုကို ၂၀၁၄ ခုနှစ်တွင် နိုင်ငံအတွင်း အရွယ်ရောက်ပြီးသူဦးရေ၏ ၃၀ ရာခိုင်နှုန်း သုံးစွဲရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းအထိတိုးတက်သုံးစွဲရေး၊ ငွေကြေးဝန်ဆောင်မှုတစ်ခုထက် ပိုမိုသုံးစွဲသူဦးရေ၏ ၆ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိရေးစသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ စတင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I) ၌ ကျင်းပခဲ့သည်။**




**ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဝန်ကြီးများ မြန်မာနိုင်ငံတွင်အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံ စတင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

အဆိုပါ အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက မိမိတို့နှစ်နိုင်ငံ ခေါင်းဆောင်များ ဆက်ဆံရေး ကောင်းမွန်သည်နှင့်အမျှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးအတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်မှာအာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှု ကွန်ဖရင့်ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ နှင့် ၃၀ ရက်များတွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ကွန်ဖရင့်မှ ရန်ကုန်ရလဒ်ကိုထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်သော ငွေကြေးကဏ္ဍသည် အဆင့်အမျိုးမျိုးအတွက် အကျိုးကျေးဇူးများရရှိနိုင်သည်ကို သဘောတူညီခဲ့ပါကြောင်း။

ထိုသို့ ဘဏ္ဍာရေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်လာမှု အခြေအနေများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးကျေးဇူးရှိပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး အားလုံးပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားမက်ဆီမာက မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံစတင်ဆောင်ရွက်နိုင်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက်လာသောအခြေအနေများကို မိမိအနေဖြင့် လေ့လာတွေ့ရှိရပါကြောင်း၊ ယနေ့သည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံစတင်ဆောင်ရွက်နိုင်သည့်နေ့ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ငွေကြေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာသောကတိကဝတ်များဖြင့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုနိုင်ပြီး ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများရရှိခံစားရစေမည် ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိသည်ဟုလည်း သိရှိရပါကြောင်းဖြင့် ပြောကြားသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းကလည်း မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေး ကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံ စတင်ဆောင်ရွက်ခြင်းအခြေအနေအပေါ် ယခု လမ်းပြမြေပုံ ဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ် နှစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအခြေခံအုတ်မြစ် နှစ်ခုမှာ ဘဏ္ဍာရေးကဏ္ဍ ခိုင်မာစေရန် တည်ဆောက်ခြင်းနှင့် ဦးစားပေးကဏ္ဍများကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ နွမ်းပါးသည့် အိမ်ထောင်စုများကို ကူညီထောက်ပံ့ခြင်းများအပြင် ငွေကြေးဆိုင်ရာ ပညာပေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရမည် ဖြစ်ပါကြောင်း၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အတွက် ကျယ်ပြန့်သောလေ့လာဆန်းစစ်မှုများကို လုပ်ဆောင်ခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံစတင်ခြင်းကို တရားဝင်ဖွင့်လှစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNRC မှ UN Resident Coordinator ဖြစ်သူ Ms. Renata Lok. Dessallien က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က အခမ်းအနားပိတ်ပွဲ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သောငွေကြေးကဏ္ဍ တည်ဆောက်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် UNDP-UNCDF တို့ ပူးပေါင်းဆောင်ရွက်သော UNDP ပုံမှန်နိုင်ငံဆိုင်ရာ အကောင်အထည်ဖော်မှု အစီအစဉ်ဖြင့် Making Access to Finance Possible(MAP) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ MAP စီမံကိန်း၏ ရည်ရွယ်ချက်မှာအားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေးလမ်းပြမြေပုံအကောင်အထည်ဖော်ရေးအတွက် ခိုင်မာ၍အထောက်အထားကိုအခြေပြုသော လေ့လာဖော်ထုတ်မှုများ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ငွေကြေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှုသည် ဘဏ်နှင့် တရားဝင်ငွေကြေးဝန်ဆောင်မှုမှ ကင်းလွတ်နေသော ဝင်ငွေနည်းအိမ်ထောင်စုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေးတို့ကို တိုးတက်စေကြောင်း၊ ထို့ပြင် ငွေကြေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်ခြင်းသည် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေသည့်အပြင် ဝင်ငွေနည်းမိသားစုအနေဖြင့် ပညာရေးနှင့် ကျွမ်းကျင်မှုပညာရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ချေးငွေနှင့် စုငွေဝန်ဆောင်မှုများအသုံးပြု၍ ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည့်အပြင် စွန့်စားမှု အန္တရာယ်များကိုလည်း လျှော့ချနိုင်ပါကြောင်း။

ငွေကြေးဆိုင်ရာပါဝင်ဆောင်ရွက်နိုင်မှု လမ်းပြမြေပုံတွင် အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ခြင်း၊ ဈေးကွက်တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍ ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးဝန်ဆောင်မှုပေးခြင်းနှင့် ဝင်ငွေနည်း ပြည်သူများကို ငွေကြေး ဝန်ဆောင်မှုပေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားမက်ဆီမာသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံစတင်ခြင်း အခမ်းအနား ကျင်းပပြီးနောက် သတင်းမီဒီယာများနှင့် တွေ့ဆုံကာ သတင်းမီဒီယာများ၏ သိရှိလိုသည်များကိုဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစခန်းဖွင့်

**ရန်ကုန် မေ ၁**

၂၀၁၅ ခုနှစ် အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုစခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ထူပါရုံ(၁)ရပ်ကွက် အထက(၁) မြဝတီခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စာတတ်မြောက်ရေး သင်တန်း ကြီးကြပ်မှုကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စာတတ်မြောက်သူဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၉၉ ဒသမ ၉၇ ရာခိုင်နှုန်းရှိကြောင်း၊ ရာနှုန်းပြည့်လူတိုင်းစာတတ်မြောက်ရေးအတွက် အနည်းငယ်မျှ ကျန်ရှိနေသည့် စာမတတ်သူများကို အခြေခံစာတတ်မြောက်စေရေး ရည်မှန်းချက်ဖြင့် ပါဝင်လုပ်အားပေးကြသည့် ပညာဒါနလုပ်အားပေးကြသူများ အားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ပူးတွဲတာဝန်) ဦးကျော်စွာသွင်က ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစခန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခြေခံ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်လုပ်အားပေးကြမည့် ကျောင်းသားကျောင်းသူများကိုယ်စား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စတုတ္ထနှစ်(သတ္တဗေဒ)ကျောင်းသား မောင်ဆုထူးက စာတတ်မြောက်ရေးလုပ်ငန်းတာဝန်များကို အလေးအနက်ထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ကိုးဦး၊ ကြီးကြပ်ဆရာတစ်ဦးနှင့် သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ ရှစ်ဦးတို့က သာကေတမြို့နယ်အတွင်းမှ အကြောင်းအမျိုးမျိုးကြောင့် စာမသင်ရသူ ၆၁ ဦးအား မေ ၁ ရက်မှ မေ ၁၅ ရက်အထိ တစ်နေ့စာသင်ချိန် သုံးနာရီ၊ ရက်ပေါင်း ၄၀ စုစုပေါင်းနာရီ ၁၂၀ အတွင်း စာတတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ မတ်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် (၃၀) နှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် (၁၄၈)ဦး စုစုပေါင်းပညာသင်(၁၇၈)ဦးကို ပြည်ပနိုင်ငံ(၁၉)နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ မတ်လအတွင်း ပညာသင်ဦးရေ အများဆုံးစေလွှတ်ခဲ့သည့်နိုင်ငံများမှာ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ဖြစ်ပါသည်။

၃။ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီအနေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်ကာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင်(၃၆၉)ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင်(၂၆၄၅)ဦး စုစုပေါင်း ပညာသင်(၃၀၁၄)ဦးကို ပြည်ပနိုင်ငံ (၄၄) နိုင်ငံသို့ ပညာသင်ယူဆည်းပူးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# ငြိမ်းချမ်းသော မြန်မာသစ်

❖ တစ်မြေတည်းနေ
တစ်ရေတည်း သုံး
ဒို့အားလုံး တူညီစွာ၊
မရှိအတူ ရှိအတူ
အေးအတူ ပူအမျှပေါ့
အပေးအယူ အတူတကွနဲ့
ဖေးမကူကာ၊
ချစ်နောင်ညီ မြန်မာ
နှစ်ထောင်ချီကာ ဖြစ်တည်မှု၊
တိုင်းရင်းညီနောင်တို့
ဝိုင်းဝန်းတည်ထောင်ပါတဲ့
ဒို့ပြည်ထောင်စု။

❖ သို့ပေမယ့်
ချို့ပေခဲ့ သမိုင်းတစ်လီ၊
ဒို့တိုင်းပြည် နွံမှာနစ်
ကျွန်ဖြစ်ခဲ့သည်၊
ဆိုးညစ်ခဲ့ နယ်ချဲ့ဝါဒီ
သွေးခွဲသည် အမျိုးမျိုး၊
အကောက်ကြံ ခလောက်ဆန်သည်ကြောင့်
နောင်ညီတွေ သံသယပွားပါလို့
ရန်စများ ပျိုး။

❖ တစ်အူထုံ့ဆင်း သွေးရင်းအကြား
အချစ်မပွားသာပြီ
နှစ်များ ကြာပြီ
သြော်…စစ်များလည်း တာရှည်၊
ညီနောင်ချင်း စစ်ခင်းသည်ကြောင့်
ပြည်ထောင်တွင်း တိုးတက်ခြင်း
ကင်းဝေးခဲ့သည်၊
ပြည်သူက မျှော်လင့်သည်
ပေါ်သင့်ပြီ ငြိမ်းချမ်းခြင်း၊
အစဉ်အမြဲစိမ်းလန်းအောင်
ယှဉ်တွဲထိန်းစမ်းချင်ကွယ့်
ငြိမ်းချမ်းပန်းခင်း။

❖ ပြည်သူရဲ့ ဆန္ဒ
အစိုးရက အကောင်အထည်ဖော်၊
ပြည်သူကို ဗဟိုပြု
ပြည်ကျိုးရှုသော်၊
ကြိုးပမ်းမှု ပုံပေါ်
ဂုဏ်ကျော်တဲ့ အောင်မြင်မှု၊
ရင်ခုန်စရာ
ပင်လုံပမာ သွေးစည်းခြင်းကို
တိုင်းရင်းတို့ စုကာပေါင်း
ထပ်လောင်းပုံပြု။

❖ နောင်ညီတို့အောင်ပြီ
ဆောင်ရည်ကာ ရှေ့ဆက်၊
မြန်မာ့ရွှေပြည်
အလှဝေစည်စွာနဲ့
ကမ္ဘာတည်သရွေ့ စဉ်ခံ့ညားအောင်
ညီနောင်များတည်ထောင်သွားကြမယ်
(ဟေ့..)အားကြိုးမာန်တက်။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ပြည်သူ့လွှတ်တော်မှ

ကောင်းလမ်းတို့အား ၁၈ ပေ အကျယ်လမ်းဖြစ်ရန် တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

လွိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **ပင်လုံမြို့(၂၅) ခုတင်ဆံ့ဆေးရုံနှင့် မိုင်းပွန်ကျေးရွာအုပ်စုပြည်သူ့ဆေးရုံတို့တွင် တာဝန်ခံဆရာဝန်များ ခန့်အပ်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပင်လုံမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသည့် တာဝန်ခံဆရာဝန်နေရာတွင် ဆမ-၂၃၁၅၅ ဒေါက်တာစိုင်းမြတ်သူရအား ဖြည့်ဆည်းခန့်အပ်ပြီး ဖြစ်ပါကြောင်း၊ မိုင်းပွန်မြို့ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသည့် တာဝန်ခံဆရာဝန်အား ရှမ်းပြည်နယ်အစိုးရမှ ခေါ်ယူခန့်အပ်သည့် သစ်လွင်လက်ထောက်ဆရာဝန်များ နေရာချထားနိုင်မည့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

ပြည်တွင်းသတင်း


❒ *ကျောဖုံးမှ*

ခရီးစဉ်အမှတ် ၉၂၁ ဖြင့် ဆက်လက်ထွက်ခွာရာ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချို ထွန်းအောင်နှင့်ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးကျော်ကျော်ဝင်း၊ ဦးမော်သာထွေး၊ ဒေါ်စန္ဒာခင်၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရန် အလှည့်ကျသည့် စီအယ်လ်အမ်ဗွီနှင့်အက်ခ်မက်အဖွဲ့ဆိုင်ရာ ကိစ္စရပ်များ၊ မဲခေါင်မြစ်ကော်မရှင်ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေးကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ အမှတ်တရ လက်ဆောင်ပစ္စည်းအား ပေးအပ်ခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သောအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# တိုးတက်ခေတ်မီသော နိုင်ငံတည်ဆောက်ဖို့ဆိုရင် ညီညီညွတ်ညွတ်သဘောထားပြီး လက်တွဲ

**မန္တလေး ဧပြီ ၁**

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် မူကြမ်းရရှိရေးအတွက် မြစ်ကြီးနားမြို့တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့က (UPWC) နှင့်(NCCT)တို့အကြား ပထမဆုံးအကြိမ် စတင်ဆွေးနွေးခဲ့ပြီး ပြည်တွင်း ပြည်ပတွင် အလွတ်သဘော(၂၂)ကြိမ်၊ တရားဝင်(၇)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ နှစ်ဖက်သဘောတူညီသည့် စာချုပ်မူကြမ်း ပြုစုနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံရေးသမိုင်းတွင် သမိုင်းတွင်သည့် အဖြစ်အပျက်တစ်ခုအပြင် ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်မည့် ခြေလှမ်းသစ်ဖြစ်ခြင်းကြောင့် မင်္ဂလာရှိသည့် နေ့တစ်နေ့အား မန္တလေးပြည်သူများ၏ ဝမ်းသာပီတိစကားများဖြင့် ဖော်ပြလိုက်ပါသည်။

**ဆရာဆူးငှက်(အမျိုးသားစာပေဆုရှင်)**

မြန်မာပြည်က နှစ်ပေါင်းရာချီပြီး သူ့ကျွန်လက်အောက် ကိုလိုနီဘဝရောက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြန်တော့လည်း အချင်းချင်းသဘောထားမညီညွတ်ကြမှုကြောင့် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့လို့ တိုင်းရင်းသား ပြည်သူလူထုအားလုံးက ငြိမ်းချမ်းရေးရချင်ခဲ့ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကတည်းကပါ။ ငြိမ်းချမ်းမှ ညီညွတ်မယ်။ ညီညွတ်မှ တိုးတက်မယ်။ တိုးတက်ခေတ်မီတဲ့ နိုင်ငံတည်ဆောက်ဖို့ဆိုရင် ညီညီညွတ်ညွတ် သဘောထားပြီး လက်တွဲကြရမှာပါ။ ဒီအတွက် အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးဟာ အရေးကြီးဆုံးပါ။ ငြိမ်းချမ်းရေးအခွန့်ရှည်ပါစေ။



ဆရာဆူးငှက်

**ဦးမင်းလွင်**
**(ဆေးလုပ်ငန်းဆက်ဆံရေးအရာရှိ)**

ဒီနေ့မနက်သတင်းစာကို ဖတ်လိုက်ကတည်းက စိတ်ထဲမှာပေါ့ပါး လန်းဆန်းသွားတယ်။ ၂၀၁၁ ခုနှစ်က စပြီး နိုင်ငံတော်သမ္မတကြီးတာဝန်ယူခဲ့တဲ့အချိန်အတွင်း ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအတည်ပြုချက် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဟာ နိုင်ငံသားတွေအတွက် စိတ်ပျော်ရွှင်အေးချမ်းမှုကို ရရှိစေပါတယ်။ လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုတွေ ချုပ်ငြိမ်းမှ တကယ့်ငြိမ်းချမ်းရေးကိုရမယ်။ ငြိမ်းချမ်းရေးရမှသာလျှင် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုတွေ အများကြီးလုပ်နိုင်မယ်။ အဲဒီကမှတစ်ဆင့် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုတွေရရှိပြီး နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားလာတဲ့ တိုက်ခိုက်မှုတွေ အပြီးတိုင်ချုပ်ငြိမ်းသွားမယ်။ ကျွန်တော်တို့ ကျန်းမာရေးအပိုင်းမှာလည်း လူတိုင်းသက်တမ်းစေ့နေနိုင်ရေးနဲ့ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးစောင့်ရှောက်ပေးဆိုတဲ့ မူဝါဒရှိပါတယ်။



ဦးမင်းလွင်



ဒေါ်စန်းစန်းအေး

ငြိမ်းချမ်းရေးရရှိလာပြီးရင် နေရာဒေသမရွေး ကျန်းမာရေးစောင့်ရှောက်မှုတွေကို ပိုပြီးဆောင်ရွက်လာနိုင်မှာမို့ လှိုက်လှဲစွာကြိုဆိုပါတယ်။

**ဒေါ်စန်းစန်းအေး (ပညာရေးဝန်ထမ်း)**

ကိုယ့်နိုင်ငံအတွင်းမှာ အတူတကွနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ကြတော့မယ်၊ ငြိမ်းချမ်းတော့မယ်ဆိုတာ သိရတော့ အလွန်ဝမ်းသာမိပါတယ်။ ငြိမ်းချမ်းရေးဟာ ပြည်သူပြည်သားတွေ အလွန်လိုလား တောင့်တနေတဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်ပါပဲ။ တိုင်းပြည်အေးချမ်းသာယာမှ ဒေသမရွေး တာဝန်ထမ်းဆောင်မယ့် ပညာရေးဝန်ထမ်းတွေ များပြားလာမယ်၊ ဆရာလိုအပ်ချက်တွေ ပြည့်စုံလာမယ်။ ဝေးလံဒေသမှာရှိတဲ့ ကလေးတွေရဲ့ ပညာရေးလိုအပ်ချက်တွေ ပြည့်စုံမှ တိုင်းပြည်အနာဂတ် တိုးတက်မှာပါ။ အခိုကကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ငြိမ်းချမ်းကြရင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေ တန်းတူညီမျှ တိုးတက် ကောင်းမွန်လာတော့မှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအလင်းတန်းကြီးကို မျှော်လင့်နေပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အမျိုးသားလွှတ်တော်မှ

လည်းကောင်း CDMA(450 MHz) စနစ်ကို ထပ်မံတိုးချဲ့ပေးရန်နှင့် CDMA (450 MHz) မိုဘိုင်းတယ်လီဖုန်းပြောဆိုခ နှုန်းထားများကို လျှော့ချပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်၏ **ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အပါအဝင် PCO အငှားဖုန်း၊ CDMA(450 MHz)များအတွက် ပေးသွင်းငွေများ ပြန်လည်ထုတ်ပေးနေသည့်အခြေအနေနှင့် မည်သည့်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ပေးနေပြီး တိုင်းအတွင်းမြို့နယ်များရှိ အငှားဖုန်းအတွက် ပေးသွင်းထားသူများအား မည်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးသွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ CDMA-450 (PCO)များကို သနပ်ပင်မြို့နယ်ရှိ ဖုန်း ၇၇ လုံးအနက် ၁၇ လုံးနှင့် ကဝမြို့နယ်ရှိ ဖုန်း ၄၁ လုံးအနက် ၅ လုံးသာ ကိုယ်ပိုင်ပြုလုပ်ရန်ကျန်ရှိပြီး ကျန်ရှိသောဖုန်းများတွင် ဝန်ဆောင်ခကြွေးကျန်ရှိ၍ ဌာနမှယာယီပိတ်ထားသော ဖုန်းများဖြစ်သောကြောင့် ဆက်သွယ်အသုံးပြု၍ မရပါကြောင်းနှင့် ကြိုတင်ငွေများကို အချိန်ကာလသတ်မှတ်ထားခြင်းမရှိဘဲ ဆက်လက်ထုတ်ပေးလျက် ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

# သကြၤန်ကာလ မူးယစ်အန္တရာယ် အသိပညာပေး

**လက်ပံတန်း ဧပြီ ၁**

သာယာဝတီခရိုင် လက်ပံတန်းမြို့ ဘီးလင်းတန်းရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် သင်္ကြန်အကြိုနှင့် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းချမှုမရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိရေး၊ သဘာဝဘေးအန္တရာယ်များ ကင်းရှင်းရေး၊ မှုခင်းများ မဖြစ်ပွားရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အန္တရာယ်၊ မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို မတ် ၂၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ဝ၉၈)**

## ပြည်တွင်းသတင်း

# ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် အထောက်အကူဖြစ်စေမည်ဟုယုံကြည်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်**

**ထုတ်ပြန်ချက်အမှတ်(၄/၂၀၁၅)**

၁။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင်ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲ ပြီးစီးကြောင်း အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ သမိုင်းဝင် အောင်မြင်မှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ဤဆွေးနွေးပွဲမှ ရရှိထားသော သဘောတူစာချုပ် (အတည်ပြုမူကြမ်း) ကို သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးတို့က မိမိတို့၏ ခေါင်းဆောင်များထံ တင်ပြအတည်ပြုချက်များရယူပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement -NCA) ကို တရားဝင်လက်မှတ်ရေးထိုးကြမည်ဖြစ်ရာ အဆိုပါ လုပ်ငန်းစဉ်အား ချောမွေ့လျင်မြန်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

၃။ ယင်းကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချောမွေ့လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် များစွာအထောက်အကူဖြစ်စေမည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

*○ ကျောဖုံးမှ*

ဂုဏ်ယူတယ်လို့ ပြောချင်ပါတယ်။ နှစ်ဖက်စလုံးက စိတ်ကောင်းနှလုံးကောင်းနဲ့ ဆွေးနွေးကြပြီး သဘောတူညီချက်လို ရရှိနိုင်ကြတဲ့အတွက် အထူးပဲဝမ်းသာ အားရပါတယ်။ မြန်မာနိုင်ငံရဲ့ နှစ်ပေါင်းများစွာမှာ အခုလို အပစ်အခတ်တွေ ရပ်စဲနိုင်ပြီး ထာဝစဉ် ငြိမ်းချမ်းရေးကို ဆက်လက်ပြီးဆောင်ရွက်နိုင်အောင်လည်း ဆရာတော်က ဆုတောင်းပါတယ်။ ဒီလို သဘောတူညီမှုတွေ အခွန့်ရှည်တည်တံ့နိုင်ဖို့ စိတ်ကောင်းနှလုံးကောင်းနဲ့ ဆက်လက်ပြီး ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

နိုင်ငံတော်တည်ဆောက်ဖို့မှာ တစ်ဖက်သတ်ပဲ ဆောင်ရွက်တာမျိုး မဖြစ်ဘဲ တခြားတစ်ဖက်ရဲ့ အခက်အခဲတွေ အကြံဉာဏ်တွေကိုလည်း နားထောင်တာတွေ၊ အထူးသဖြင့် တိုင်းရင်းသားတွေနဲ့ အဝေးမှာ ရောက်နေသူတွေရဲ့ အကြံဉာဏ်နဲ့ သဘောထားအမြင်တွေကိုပါ နားထောင်ဆွေးနွေးမယ်ဆိုရင် Dialogue ဆိုတဲ့ နှစ်ဖက်စလုံး ပါဝင်ညှိနှိုင်းတာ ဖြစ်စေမှာပါ။ မီးကမီးနဲ့ ငြိမ်းလို့မရသလို၊ အကြမ်းက အကြမ်းနဲ့ ညှိလို့မရပါဘူး။ ကိုယ်လိုချင် ဖြစ်ချင်တာထက် တစ်ဖက်သားရဲ့ အခက်အခဲ၊ လိုအင်ဆန္ဒနဲ့ ရှုထောင့်ကိုလည်း နားထောင်လေးစားပြီး စားပွဲဝိုင်းမှာ အေးအေးဆေးဆေးနဲ့ ဆွေးနွေးကြမယ်ဆိုရင် မြန်မာနိုင်ငံကြီး ငြိမ်းချမ်းရေးကို အမြဲရရှိမှာပါ။

**ဒေါ်ခင်ဝင်းမော်**

**တက္ကသိုလ်ဆရာမ(ငြိမ်း)**

**ရတနာစုံ ရတနာဆိုင်**

ငြိမ်းချမ်းရေးအတွက် ခြေတစ်လှမ်းခိုင်မာသွားပြီဆိုတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက မငြိမ်းချမ်းခဲ့တဲ့အတွက် တိုင်းပြည်က အင်မတန်မှ နစ်နာပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ ဒီမိုကရေစီလမ်းကြောင်းတွေလည်း ပိုပြီးပွင့်လင်းလာမှာပါ။ ငြိမ်းချမ်းရေး တည်ဆောက်တဲ့အခါမှာ အားလုံးက ညီညီညွတ်ညွတ်နဲ့ ဝိုင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် တိုင်းပြည်က ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမှာပါ။ အပစ်အခတ်တွေလည်း ရပ်စဲပြီး တိုင်းပြည်ငြိမ်းချမ်းသွားပြီဆိုရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ အလည်အပတ်လာကြမယ့်သူတွေ ပိုများလာပြီး ပြည်သူလူထုအတွက် စီးပွားရေးအခွင့်အလမ်းတွေ ပိုတိုးတက်လာမယ်လို့ မြင်ပါတယ်။

**ဒေါ်အမာ**

**(အငြိမ်းစားကျောင်းအုပ်ကြီး)**

**နေပြည်တော်**

ကောင်းတယ်လို့ ပြောရမှာပေါ့လေ၊ ဘာလို့လဲဆိုတော့ အမေကလည်း စိတ်ဝင်စားစွာနဲ့ တီဗွီလိုင်းပေါင်းစုံဖမ်းပြီးတော့ကို ကြည့်နေတာ။ ဒီကိစ္စက အမေတို့ ခေတ်တုန်းက တစ်ခါမှ အဲ့ဒီလိုတွေ ကြုံမှ မကြုံဘူးတာ။ ဒီဟာကလည်း ခေါင်းဆောင်ကောင်းလို့ပေါ့နော်၊ အမေတို့ ခေတ်အဆက်ဆက်ပေါ့နော်၊ ဗိုလ်ချုပ်လက်ထက်တုန်းက အမေတို့ ငယ်ငယ်လေးပဲရှိသေးတယ်။ အဲဒီတုန်းကလည်း အနိဋ္ဌာရုံတွေ ကသိပ်များတယ်။ အခုခေတ်ကျတော့လည်း ပိုလို့တောင်များသေးတယ်၊ ပိုများတယ်ဆိုတာကလည်း ကမ္ဘာတစ်ဝန်းနဲ့ဆိုရင်တော့ မြန်မာပြည်က အသက်သာဆုံးလို့တောင် ပြောရမယ်။ ဒီအပစ်အခတ်တွေ၊ သူ့ခေတ်သူ့အခါနဲ့ ရှိပေမယ့်လည်း ဒါတွေကို ရပ်တန့်သွားအောင် သမ္မတကြီးက ကြိုးစားတာပေါ့နော်။ သူ့ရဲ့ ဦးဆောင်မှုကောင်းတာနဲ့ ဘေးကဝိုင်းကူပေးတာလည်းပါတာပေါ့။ အဲ့ဒီလို တစ်ပြေးညီဆောင်ရွက်ကြလို့ အခုလို ပထမအဆင့် လက်မှတ်ရေးထိုးနိုင်ခဲ့တာပေါ့။ မြန်မာပြည်သူအားလုံး အေးအေးချမ်းချမ်းဖြစ်စေချင်တယ်၊ တကယ်ကိုပဲ အပစ်အခတ်တွေလည်း ရပ်စဲသွားမယ်၊ တစ်နိုင်ငံလုံး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်သွားမယ်၊ ဖြစ်ပါစေလို့လည်း အမေရော ပြည်သူ ပြည်သားတွေကရော အကုန်လုံးက ဆုတောင်းကြပါတယ်။

**ဦးပန် (အငြိမ်းစားကျန်းမာရေးမှူး)**

**အမရပူရမြို့**

ပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းရေးကိုလိုချင်နေတာကြာလှပြီ။ အခုသမ္မတ ဦးသိန်းစိန်လက်ထက်မှာ ငြိမ်းချမ်းရေးလမ်းဖွင့်ခဲ့ပြီဆိုတော့ အားလုံးက ဝမ်းသာနေကြပါတယ်။ ရှေ့ဆက်ပြီးတော့လည်း တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုရဖို့အတွက် အားလုံးက ဝိုင်းဝန်းပြီး ကြိုးစားကြပါဦးလို့ တိုက်တွန်းချင်ပါတယ်။ မြန်မာ့နိုင်ငံရေးသမိုင်းမှာတော့ အခုလို ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်နိုင်တဲ့ နိုင်ငံရေးခေါင်းဆောင်မျိုး မတွေ့သေးပါဘူး။ လက်ရှိ နိုင်ငံတော်ကိုခေါင်းဆောင်နေတဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့ ခေါင်းဆောင်တွေရဲ့ သဘောထားကြီးမှုနဲ့ ကြိုးစားအားထုတ်မှုတွေက တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့တာဟာ သမိုင်းမှာမှတ်တမ်းတစ်ခုပါပဲ။ အစကောင်းလို့ အနှောင်းသေချာဆိုတဲ့ အတိုင်းပါပဲ၊ အခုလက်ရှိက အစကောင်းလို့ အခက်အခဲမရှိ ဆောင်ရွက်နိုင်မယ်လို့ အားလုံးက ယုံကြည်နေကြပါတယ်။ သမ္မတကြီးပြောခဲ့တဲ့ ငြိမ်းချမ်းရေးအလင်းတန်းတွေ ပေါ်လာပြီဆိုတဲ့စကားက အင်မတန်မှ ပြည်သူတွေကို အားရှိစေပါတယ်။

**ဦးတင်အေးမြင့်(တောင်သူ)**

**ဖြူးမြို့**

နိုင်ငံတော် သမ္မတကြီးလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို သတင်းစာထဲမှာ ဖတ်ရတယ်။ ဝမ်းသာရတာပေါ့။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပစ်ကြခတ်ကြတယ်ဆိုတာ ပြန်တွက်ကြည့်ရင် မကောင်းဘူးပေါ့။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရင်တော့ ပိုပြီးတော့ ပျော်ရွှင်စရာကောင်းတာပေါ့။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် အားလုံးမှာတာဝန်ရှိပါတယ်။ လူငယ်ရော လူကြီးရော အားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့တိုင်းပြည်အတွက်လည်း ကောင်းတယ်။ နိုင်ငံတော်အတွက်လည်း အားလုံးအဆင်ပြေစေတာပေါ့။ ငြိမ်းချမ်းမှုရှိရင် နိုင်ငံတော်အတွက် အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲရှိတယ်။ နိုင်ငံတော်ရဲ့ အသုံးစရိတ်တွေမှာ တကယ်လို့များ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြစ်လာရင် တိုင်းပြည်အတွက် ဘက်စုံနေရာတိုင်းကနေပြီးတော့ အစားထိုးလုပ်ကိုင်ဖို့ ပိုပြီးအဆင်ပြေလာတာပေါ့။ နိုင်ငံတော်ကြီး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် တာဝန်ရှိအဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးတာ အောင်မြင်ရင်တော့ အကောင်းဆုံးပေါ့။ တိုင်းရင်းသားအဖွဲ့အစည်းတွေလည်း အားလုံးငြိမ်းငြိမ်းချမ်းချမ်းဖြစ်ဖို့ မြင်တွေ့ချင်မှာပါ။ အားလုံးအဆင်ပြေချောမွေ့သွားမယ်ဆိုရင် တိုင်းပြည်အတွက်ရော တိုင်းရင်းသားတွေအတွက်ရော အားလုံးအတွက်လည်း ကောင်းတာပေါ့။ သာယာဝပြောတဲ့နိုင်ငံ မကြာခင်ရောက်ရှိလာမှာပါ။



ကာဒီနယ် ချားစ်ဘို



ဒေါ်ခင်ဝင်းမော်



ဒေါ်အမာ



ဦးပန်



ဦးတင်အေးမြင့်

---

# ငြိမ်းချမ်းရေးအတွက် သမိုင်းမှတ်တိုင်သစ်အား HD စင်တာမှ ဂုဏ်ယူကြိုဆို

ခင်ရတနာ

ရန်ကုန် မေ ၁

**မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု (NCA)စာချုပ်မူကြမ်းတွင် ပါဝင်သောအချက် အလက်များ ညှိနှိုင်းသဘောတူညီမှု ရရှိသည့်အပေါ် HDစင်တာ (The Centre for Humanitarian Dialogue)မှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုကြောင်း ယနေ့ သဘောထားထုတ်ပြန်သည်။**

"တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု (နောက်ဆုံးမူကြမ်း) (NCA)ဟာ မကြာခင် အတည်ပြုနိုင်ပါက မြန်မာနိုင်ငံရဲ့သမိုင်းမှာ အကျယ်ပြန့်ဆုံးဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွားသော နိုင်ငံရေးပဋိပက္ခများအနက် အရှည်ကြာဆုံးဖြစ်သော မြန်မာ့နိုင်ငံရေး ပဋိပက္ခဖြေရှင်းနိုင်ရေးအတွက်လည်း လမ်းစဖွင့်ပေးမည့် သဘောတူညီမှုလည်းဖြစ်တယ်" ဟု HD စင်တာ အာရှတိုက်၏ အလုပ်အမှုဆောင်ဒါရိုက်တာ Mr. Michael Vatikiotis က ပြောကြားသည်။

မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ချင်းစီ သီးသန့်အပစ်ခတ်ရပ်စဲရေးများ ညှိနှိုင်းသဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက်ပိုင်း တစ်နိုင်ငံလုံးအဆင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး တရားဝင်တွေ့ဆုံညှိနှိုင်းပွဲ အကြိမ်ပေါင်း (၇)ကြိမ် တွေ့ဆုံပြီးမှ နှစ်ဖက်သဘောတူညီမှု (မူကြမ်း)ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီသဘောတူညီမှုဟာ အင်မတန်ရှုပ်ထွေးလှတဲ့ မြန်မာနိုင်ငံရဲ့ စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်အပေါ် မြန်မာနိုင်ငံအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ စွမ်းစွမ်းတမံ မိမိတို့ကိုယ်တိုင်ကြိုးစား အားထုတ်ထားတဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် သင့်တော်မှုရှိပြီး သီးသန့်ရည်ရွယ်တဲ့ ကိုယ်ပိုင်ဖြေရှင်းချက်တွေကို တွေ့ရှိခဲ့ကြပါတယ်။ အကောင်အထည်ဖော်တဲ့နေ ရာမှာ စိန်ခေါ်မှုတွေ ရှိနေမယ်ဆိုတာမှန်ပေမယ့် ပါဝင်တဲ့အဖွဲ့တွေအားလုံးကလည်း NCA ကို ရုပ်လုံးပေါ်အောင်အကောင်အထည်ဖော်ဖို့အတွက် ကတိကဝတ်တွေ ပြုထားကြပါတယ်"ဟု HD စင်တာ၏ မြန်မာနိုင်ငံတာဝန်ခံ ဌာနေကိုယ်စားလှယ် အာဒမ်ကူးပါး (Adam Cooper) က ဆိုသည်။

ယခုရရှိခဲ့သော နှစ်ဖက်သဘောတူညီမှု (နောက်ဆုံးမူကြမ်း)ကို မကြာခင်အတွင်းမှာ နှစ်ဖက် ထိပ်သီးခေါင်းဆောင်များကို ရှင်းလင်းတင်ပြမှာ ဖြစ်ပြီး ထိပ်သီးခေါင်းဆောင်တို့၏ ထောက်ခံသဘောတူညီမှုရရှိပါက စာချုပ်အဖြစ်ချုပ်ဆိုကြရမည်ဖြစ်သည်။

"ယခုသဘောတူညီမှုကို ရရှိခဲ့ကြသော အဖွဲ့အစည်းများအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးသက်သက်ဖြင့် လုံလောက်မှုမရှိဘူးဆိုတာကို အသိအမှတ်ပြုကြပါတယ်။ ပြည်တွင်း နိုင်ငံရေးပဋိပက္ခအရင်းအမြစ်များနှင့် တိုင်းရင်းသားလူမျိုးများ တွေ့ကြုံခံစားနေသော နစ်နာဆုံးရှုံးမှုတွေကို ဖြေရှင်းပေးမယ့် နိုင်ငံရေးဆွေးနွေးပွဲများ ရောက်ရှိသည်အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရပါမယ်။ ဒီဖြစ်စဉ်ရဲ့ နောက်အဆင့်တွေအတွက် ယခုရရှိထားသော သဘောတူညီမှု (NCA)က ပါဝင်သင့်ပါဝင်ထိုက်သော နိုင်ငံရေးခေါင်းဆောင်များနှင့် အခြားအဖွဲ့အစည်းများမှ ခေါင်းဆောင်များအားလုံး ပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်နိုင်ဖို့အတွက် လမ်းခင်းပေးလိုက်တာဖြစ်ပါတယ်။ အဲဒီအဆင့်တွေမှာလည်း အားလုံးပါဝင်ခွင့်ရကြလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု မစ္စတာကူးပါးက ပြောကြားသည်။

HD စင်တာသည် ၂၀၁၁ ခုနှစ်ကတည်းက စတင်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံရေးပါတီများအား အကြံဉာဏ်များပေးခြင်း၊ အထောက်အပံ့များပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် ထောက်ပံ့ကူညီလျက်ရှိသော ဌာနတစ်ခုဖြစ်သည်။

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက ကြေညာချက်များထုတ်ပြန်

**နေပြည်တော် ဧပြီ ၁**

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား မတ် ၃၁ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ အဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများက မတ် ၃၁ ရက်တွင် ကြေညာချက်များထုတ်ပြန်ခဲ့ကြကြောင်း သိရှိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ ပြောရေးဆိုခွင့်ရှိသူရုံးမှ ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ယနေ့လက်မှတ်ရေးထိုးသည့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်သည် တစ်ဖက်နှင့် တစ်ဖက်အကြား ယုံကြည်ကိုးစားမှု၊ ယုံကြည်စိတ်ချမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုနှင့် မြန်မာနိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှု အသီးအပွင့် စတင်ဝေဆာလာခြင်း၏ လက္ခဏာရပ်တစ်ခုဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူချက်ရရှိခြင်းသည် အံ့သြဖွယ်ရာ အောင်မြင်မှုဖြစ်ကြောင်း၊ မြန်မာ့မြေပေါ်တွင် ပြဿနာနှင့်အခက်အခဲအမျိုးမျိုး ကျန်ရှိကောင်းကျန်ရှိမည်ဖြစ်သော်လည်း ယနေ့သဘောတူညီမှုရရှိသည့် အောင်မြင်မှုမှာ မြန်မာနိုင်ငံအတွင်း စစ်မှန်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် အခြေခံကျသည့် အချက်တစ်ချက်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Dessallien ၏ ထုတ်ပြန်ချက်တွင် လက်နက်ကိုင်ပဋိပက္ခများ နှစ် ၆၀ ကျော် ဖြစ်ပွားပြီးနောက် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဤသဘောတူညီချက်မှာ ဇွဲ၊ လုံ့လ၊ စိတ်စေတနာကောင်းနှင့် အတိတ်ကာလမှ အခက်အခဲများ၊ ခြားနားမှုများအပေါ် ကတိကဝတ်အဖြစ် ကိုယ်စားပြုနေကြောင်း၊ ထို့ပြင်ဤသဘောတူညီချက်မှာ ရေရှည်တည်တံ့သော အခြေခံကျသည့် ယုံကြည်မှုတစ်ရပ်တည်ဆောက်ရန် အဖွဲ့အစည်းများအားလုံး၏ စွမ်းရည်အပေါ် စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း၊ တောက်ပသော၊ ကြွယ်ဝသော အနာဂတ်တစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် ထောက်ပံ့မှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရန်ကုန်မြို့ရှိ ကုလသမဂ္ဂစင်တာ၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့တို့ နှစ် ၆၀ ကျော်ကြာ ပဋိပက္ခအပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် သမိုင်းဝင်ထူးခြားသော အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ယင်းသမိုင်းဝင်ဖြစ်ရပ်ကို ကြိုဆိုပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ၎င်း၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့ကို ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အတူ စေ့စပ်ဆွေးနွေးပွဲတွင် လေ့လာသူများအဖြစ် တက်ရောက်ခဲ့သော ကုလသမဂ္ဂအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့၏ ကြိုးပမ်းအားထုတ်မှု၊ မှန်ကန်သော ဆုံးဖြတ်ချက်၊ စစ်မှန်သော ရပ်တည်ချက်နှင့် စေတနာတို့ကို တွေ့မြင်ခဲ့ရသည့်အတွက် အထူးလေးစားမိပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ထုတ်ပြန်ချက်တွင် သဘောတူစာချုပ်မူကြမ်းကို အဆုံးသတ်စေခဲ့သည့် ပူးတွဲကြေညာချက်စာတမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့မှုအပေါ် ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ ရေရှည် အမြင်ချင်းမတူ၊ ကွဲပြားခြားနားမှု ပြဿနာရပ်များ ဖြေရှင်းရေးအပေါ် ညှိနှိုင်းဆွေးနွေးရန် ခိုင်မာတောင့်တင်းသော ကတိကဝတ်ပြုမှုနှင့် ညှိနှိုင်းဆွေးနွေးလိုစိတ်ရှိသည့် ဘက်ပေါင်းစုံအပေါ် မိမိတို့ချီးကျူးပါကြောင်း၊ အမေရိကန် ပြည်ထောင်စုအနေဖြင့် ဒီမိုကရေစီ၊ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် မိမိတို့၏ အပြောင်းအလဲမရှိသည့် ဦးတည်ချက်များနှင့်အတူ မြန်မာပြည်သူများက ကြိုဆိုနေကြသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်သွားရေးအတွက် ကူညီပေးရန်အဆင်သင့်ရှိပါကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံး၏ ကြေညာချက်တွင် သဘောတူစာချုပ်မူကြမ်းကို ပြဋ္ဌာန်းနိုင်ရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ကြေညာချက်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံးအနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်ဟု ဖော်ပြပါရှိသည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံး၏ ကြေညာချက်တွင် သဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယင်းမှာ သမိုင်းဝင်သော အခမ်းအနားတစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ ကြေညာချက်တွင် သဘောတူညီချက်မူကြမ်း လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ပြည်သူများက ၎င်းတို့၏ အမြင်မတူညီမှုများကို ဖိအားပေးဖြေရှင်းရန် ကြိုးစားခြင်းထက် စတင်ဆွေးနွေးဖြေရှင်းလာသည့် ထူးခြားသောတိုင်းပြည်၏ နိုင်ငံရေးယဉ်ကျေးမှု၌ အခန်းကဏ္ဍသစ်တစ်ခု စတင်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်မူကြမ်း အတည်ပြုချက်မှာ ပဋိပက္ခဖြစ်ပွားရာနယ်မြေများတွင် နေထိုင်လျက်ရှိပြီး ၎င်းတို့၏ အခွင့်အလမ်းပြန်လည်ရရှိရန် ရပ်တည်နေရသည့် ပြည်သူအားလုံးအတွက် ပုံမှန်ဘဝသစ်တစ်ခု စတင်ခြင်းလည်းဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အလားတူ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ကလည်း ယခုကဲ့သို့ သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်မှုသည် ကမ္ဘာပေါ်တွင် ပြည်တွင်းစစ် အကြာဆုံးဖြစ်ပွားမှုကြောင့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာနိုင်ငံရှိ ကလေးသူငယ်များအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ သန်းပေါင်းများစွာသော ကလေးသူငယ်များသည် ပဋိပက္ခဒဏ်ကို ခံစားကြုံတွေ့နေကြရပြီး ယင်းပဋိပက္ခများကြောင့် ကလေးသူငယ်များအတွက် ပေးအပ်နေသော အခြေခံဝန်ဆောင်မှုများဖြစ်သည့် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခံရခွင့် အခွင့်အရေးများ၊ ပညာသင်ကြားနိုင်ခွင့် အခွင့်အရေးများ ပျက်စီးဆုံးရှုံးခဲ့ပြီး ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်ပျက်စီးစေသည့်အပြင် လူကုန်ကူးခံရခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များတွင် တပ်သားအဖြစ် ခေါ်ယူစုဆောင်းအသုံးချခံရခြင်း စသည့်အန္တရာယ်များနှင့်လည်း ကြုံတွေ့ခဲ့ကြရကြောင်း၊ ယခု သဘောတူစာချုပ်သည် မြန်မာနိုင်ငံရှိ အခွင့်အလမ်းအနည်းပါးဆုံး ကလေးသူငယ်များအတွက် တိုးတက်ကောင်းမွန်လာမည့် အာရုံသစ် အချိန်ကာလတစ်ရပ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များအနေဖြင့် အရည်အသွေးမီပညာရေးကို ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားများဖြင့် လေ့လာသင်ယူနိုင်မည်ဖြစ်ပြီး လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးစစ်သားအဖြစ် ခေါ်ယူစုဆောင်းအသုံးချခံရခြင်းမှလည်း ကင်းလွတ်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

၆၀ ကျော်ကြာတဲ့ ပဋိပက္ခမှာ အစိုးရဘက်ကရော တိုင်းရင်းသားလက်နက်ကိုင်တွေ ဘက်ကရော တပ်မတော် ဘက်ကရော ငြိမ်းချမ်းရေးလမ်းစ ပွင့်သွားတဲ့နေ့ကို မရောက်နိုင်ခဲ့တဲ့သူတွေ အများကြီး ရှိပါတယ်။

ဘယ်သူမှားတယ် မှန်တယ်ဆိုတာထက် နိုင်ငံရေးဆွေးနွေးပွဲကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ မဖြေရှင်းနိုင်လို့ ဒါမျိုးတွေဖြစ်ရတယ်ဆိုတာကို တစ်ဖက်နဲ့တစ်ဖက် အပြစ်တင်နေလို့ အဖြေထွက်မှာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ဟာကို ကျွန်တော်တို့က မမေ့ဘဲနဲ့ အဲဒါကို ပိုပြီးတော့ ကောင်းမွန်တဲ့အနာဂတ်ကို ဝမ်းနည်းခြင်း၊ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း၊ နာကြည်းခံပြင်း


ဦးနိုင်ဟံသာ


ဦးလှမောင်ရွှေ


ဒေါက်တာဆလိုင်းငွန်ကျုံးလျန်

ခြင်းတွေထဲက ဆွဲထုတ်လိုက်ပြီး လုပ်ဆောင်ဖို့ လိုပါတယ်။

ဒုတိယခံစားချက်က ပီတိဖြစ်တယ်။ ငြိမ်းချမ်းရေးဆိုတာ ပြောတိုင်းမလွယ်ဘူး။ တကယ်ခက်ခဲပါတယ်။ **"မှ"**၊ **"အပ"** ဆိုတဲ့စကားလုံး တစ်လုံးကြောင့် ကျွန်တော်တို့ လက်မှတ်မထိုးနိုင်တဲ့ အနေအထားမျိုး ရောက်သွားခဲ့ဖူးတယ်။

တတိယအချက်က စိုးရိမ်ပူပန်မှုပေါ့။ သမ္မတကြီးက NCA မူကြမ်းကို လက်မှတ်ရေးထိုးတာ နိုင်ငံရေးဆွေးနွေးပွဲကို စတင်ဖို့တံခါးဖွင့်တာပါပဲဆိုပြီးတော့ ပြောပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်လုပ်ရမယ့် အခန်းကြီးကလည်း မှောင်မည်းနေသေးတယ်။ မီးလည်းထွန်းရဦးမယ်။ ဆေးလည်းသုတ်ရဦးမယ်။ ကျွန်တော်တို့ တိုင်းသူပြည်သားတွေက ခံခဲ့ရတာတွေများတော့ ဆွေးနွေးပွဲကို သုံးလလောက်နဲ့လုပ်ပြီး အဖြေထွက်ချင်တယ်။ သမ္မတက ငြိမ်းချမ်းရေးဆောင်ရွက်ဖို့ ပြောခဲ့တာ လေးနှစ်ပြည့်တဲ့ ဒီနေ့မှာ လူတွေက မစောင့်နိုင်တော့ဘူး။ တစ်လအတွင်းမဖြစ်လို့၊ ဆယ့်ခြောက်လအတွင်း မဖြစ်လို့ဆိုပြီး ခက်ခဲတဲ့ငြိမ်းချမ်းရေးကို ချက်ချင်းပဲ ရချင်တဲ့စိတ်ဖြစ်နေကြတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်တဲ့နိုင်ငံသားအားလုံး ကိုယ့်ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲသွားနိုင်မှ ကျွန်တော်တို့လိုချင်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို လွယ်လွယ်ကူကူသွားနိုင်မှာဖြစ်ပါတယ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၄-၂၀၁၅

မောင်တောမြို့
၁ ဒသမ ၄၅ လက်မ

ကျောက်တော်မြို့
၀ ဒသမ ၆၇ လက်မ

မော်လိုက်မြို့
၀ ဒသမ ၅၉ လက်မ

ပလက်ဝမြို့
၀ ဒသမ ၅၅ လက်မ

ဟားခါးမြို့
၀ ဒသမ ၅၁ လက်မ

ဖလမ်းမြို့
၀ ဒသမ ၂၄ လက်မ

ဗန်းမော်မြို့
၀ ဒသမ ၁၆ လက်မ






ပြည်တွင်းသတင်း

# စံတော်ချိန် နေ့စဉ်သတင်းစာထုတ်ဝေခြင်း နှစ်နှစ်ပြည့်အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ထွန်းကားလာသည်နှင့်အညီ ပုဂ္ဂလိက သတင်းစာများလည်း လွတ်လပ်စွာ ထုတ်ဝေလျက်ရှိရာ ပုဂ္ဂလိက သတင်းစာတစ်စောင်ဖြစ်သည့် စံတော်ချိန် နေ့စဉ်သတင်းစာ ထုတ်ဝေခြင်း (၂)နှစ်ပြည့်အခမ်းအနားကို ယနေ့ နံနက်က ဗဟန်းမြို့နယ် ကန်တော်ကြီး အတွင်း Western Park Royal Restaurant ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက် ထွေးနှင့် တာဝန်ရှိသူများ၊ သတင်းစာ၊ ဂျာနယ်တို့မှ စာပေပညာရှင်ကြီးများ၊ စံတော်ချိန်ဝိုင်းတော်သားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာကြီး ဦးအံ့မောင်၊ ဆရာကြီး ကောင်းဆက်နိုင်၊ ဆရာကြီး နန္ဒမင်းနိုင်၊ ဆရာကြီး ဦးအောင်နိုင်ဦးတို့က "ယနေ့ နိုင်ငံရေးနှင့် သတင်းမီဒီယာ" ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်းဖြင့် စတင်ကျင်းပခဲ့ပြီး ထုတ်ဝေသူ ဦးကိုကိုလေးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မုဒိတာစကား ပြောကြားပေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့် သတင်းစာဆရာကြီးများက စံတော်ချိန် နေ့စဉ်သတင်းစာဝန်ထမ်းများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# လားရှိုး၌ ငွေကျပ် ၄၁ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

**လားရှိုး ဧပြီ ၁**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအထွက် ကွန်ပျူတာတက္ကသိုလ်ရှေ့တွင် စောင့်ဆိုင်းနေစဉ် ကွတ်ခိုင်မြို့ဘက်မှ ကျောက်မဲမြို့သို့ စိုင်းထွန်းရင် မောင်းနှင်လာသည့် ၃၁ယ/------ (KENBO- 125) ဆိုင်ကယ်အား တားဆီးရှာဖွေရာ ၄င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ရောင်စုံပလတ်စတစ် ဆပ်ပြာခွက်တစ်ခွက်လျှင် ပလတ်စတစ်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန် ၁၃ ဂရမ် ခန့်စီပါ စုစုပေါင်း ၁၂ ခွက်၊ ဘိန်းဖြူမှုန့် အလေးချိန် ၁၅၆ ဂရမ်၊ အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ ၁၈၀ ပါ တစ်ထုပ် စုစုပေါင်း သုံးထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀ အလေးချိန် ၅၈ ဂရမ်တို့ကို တွေ့ရှိသိမ်းဆည်းရမိပြီး စိုင်းထွန်းရင် (၄၂ နှစ်)လက်သမားအောက်ရပ်ကွက် မိုင်းလုံမြို့နယ်ခွဲ ကျောက်မဲမြို့နယ် နေသူအား လားရှိုးမြို့မရဲစခန်းက အရေးယူထားရှိကြောင်း သိရသည်။

**ဟန်ဌေး(iprd)**

# တာဝန်ထမ်းဆောင်နေသောရဲတပ်ဖွဲ့ဝင်အား ကိုယ်ထိလက်ရောက်ကျူးလွန်သူအရေးယူ

**မန္တလေး ဧပြီ ၁**

မတ် ၂၇ ရက်နံနက် ၉ နာရီ မိနစ် ၄၀ က ဖမ်းဆီးခံကျောင်းသားများ ပြန်လည်လွတ်မြောက်ရေး ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့ရပ်ကွက် ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြားရှိ အိမ်တော်ရာဘုရားမှ ဆိုင်ကယ်များစီး၍ အလံများထောင်ကာ ဆိုင်ကယ် ၁၂ စီး၊ လူ ၂၀ ခန့် မြို့တွင်းသို့ လှည့်လည်ခဲ့ကြသည်။

ထိုသို့လှည့်လည်ရာတွင် သိပ္ပံလမ်း၊ ၆၄×၆၅ လမ်းကြားအရောက်တွင် မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များမှ အေးချမ်းစွာလူစုခွဲကြရန် ပြောဆိုနေစဉ် တာဝန်ဝတ္တရား ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဆိုင်ကယ်စီးလာသူတစ်ဦးက ကိုယ်ထိလက်ရောက် ထိုးကြိတ်ခဲ့သောကြောင့် အဆိုပါ ရဲတပ်ဖွဲ့ဝင်တွင် ဝဲဘက်မျက်ခုံးကွဲဒဏ်ရာရရှိ၍ မန္တလေးဆေးရုံကြီး၌ ပြင်ပလူနာအဖြစ် ကုသမှုခံယူခဲ့ရသည်။

အဆိုပါတာဝန် ဝတ္တရားဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်အားကိုယ်ထိလက်ရောက်ထိုးကြိတ် ဒဏ်ရာရစေသူအား အမှတ်- ၁၁ နယ်မြေရဲစခန်း (ပ)၁၁၄/၂၀၁၅ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၂ အရ အမှုဖွင့်အရေးယူခဲ့ရာ စုံစမ်းဖော်ထုတ်ချက်အရ အဆိုပါပြစ်မှုကျူးလွန်သူအား သိရှိရပြီး ၄င်းသည် မတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ချမ်းမြသာစည်မြို့နယ် အမှတ်- ၁၁ နယ်မြေ ရဲစခန်းသို့ အမှုနှင့်ပတ်သက်၍ လာရောက်ဖြေရှင်းခဲ့သဖြင့် ရဲစခန်းမှ အမှုဖြင့် စစ်ဆေးပြီး လုံလောက်သော ခံဝန်သူ နှစ်ဦးဖြင့် အာမခံပေးလိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၈)ရပ်ကွက်၊ သိန်းနီလမ်း၊ အမှတ်(ဇ-၄/၇) တွင် ပါတီရုံးချုပ်တည်ရှိသော **'ဝ' ဒီမိုကရက်တစ်ပါတီ** သည် ယင်းပါတီ၏အလံနှင့်တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံနှင့်တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**'ဝ'ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**'ဝ'ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၈၁)တွင်ပါတီရုံးချုပ်တည်ရှိသော **မွန်အမျိုးသားပါတီ**သည် ယင်းပါတီ၏ တံဆိပ်(Logo)ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

**မွန်အမျိုးသားပါတီ၏ တံဆိပ်ပုံစံ**




၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏အလံနှင့်တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဧပြီလတွင် ကျရောက်သော ချစ်ဇနီး "ဝါ"(ခ)မဝါဝါကျော်၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး အစဉ်ထာဝရပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်-

**ချစ်ခင်ပွန်း မောင်**
**ဦးလင်းဇော်လတ်**
**အုပ်ချုပ်မှုဒါရိုက်တာ**
**မြန်မာအမျိုးသားရတနာကုမ္ပဏီ**









# အပန်းဖြေရာနေရာများကို ဖျက်ဆီးသူများအား ဖမ်းဆီးရမိ

**မော်လမြိုင် မေ ၁**

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် တောင်ရိုးတန်း ဗျူးပွိုင့်တွင် မြို့တော်သာယာလှပရေးနှင့်အများပြည်သူ အနားယူအပန်းဖြေရန်အတွက် မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တပ်ဆင်ထားသည့် ကွန်ကရစ်ထိုင်ခုံများ၊ အမှိုက်ပုံးများနှင့် "မြို့တော်သန့်ရှင်းလှပရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"စာတန်းပါ ဆိုင်းဘုတ်များကို လူ ၃ဦးက မတ် ၃၀ ရက် နံနက်ပိုင်းတွင် ရိုက်ချိုးဖျက်ဆီးခဲ့သဖြင့် ဗျူးပွိုင့်ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။

ရိုက်ချိုးဖျက်ဆီးနေသူများအနက်မှ လှိုင်ရပ်ကွက် ရွှေပြည်အေးရပ် ကန်တော်ဦးနေ နိုင်ထက်လွင် (၂၂နှစ်)နှင့် လှိုင်ရပ်ကွက် ရွှေပြည်အေး(၁)လမ်းနေ ညွှန့်ဝင်း (၂၂ နှစ်) ဆိုင်ကယ် တက္ကစီမောင်းတို့ နှစ်ဦးကို ဖမ်းဆီးရမိပြီး လှိုင်ရပ်ကွက် ရွှေပြည်စိုးရပ် ကန်တော်ဦးလမ်း အမှတ် (၂၈)နေ အာကာ (၂၀ နှစ်)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် မြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မဖြင့် အမှုရေးဖွင့်လျက်ရှိပြီး အမှုစစ်ရဲအုပ်အေးမြင့်က နိုင်ထက်လွင် (၂၂ နှစ်)၊ ညွှန့်ဝင်း (၂၂ နှစ်) တို့အား စစ်ဆေးလျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ အာကာ(၂၀နှစ်)ကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုကိုသိန်း (မော်လမြိုင်)**



သတင်း-မေမိုးသဲ၊ ဓာတ်ပုံ-အိမ့်ထက်မှူး

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ မီးသတ်ယာဉ်များနှင့် ကယ်ဆယ်ရှာဖွေရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မကွေးမြို့ ပြည်တော်သာလမ်းနှင့် အဝေရာလမ်းထောင့် တိုင်းဒေသကြီး အားကစားကွင်းအတွင်း၌ ယမန်နေ့ ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က မကွေးမြို့နယ် မီးသတ်ဦးစီးမှူးထံသို့ Dong Feng အမျိုးအစား မီးသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး ယာဉ်တစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူးထံသို့ မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ ဂန့်ဂေါခရိုင် မီးသတ်ဦးစီးမှူးထံသို့ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ လုံခြုံနယ်စပ်ဝန်ကြီး ဗိုလ်မှူးကြီးကျော်လင်းအောင်က သရက်ခရိုင် မီးသတ်ဦးစီးမှူးထံသို့ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ မင်းဘူးခရိုင်မီးသတ်ဦးစီးမှူးထံသို့ မီးသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီးတို့၏ယာဉ်မှတ်ပုံတင်စာအုပ်များကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။

## ပြည်တွင်းသတင်း

# တောင်သူတစ်ဦး၏ ထွက်ကျငွေ ၁၂ သိန်းကျော် ကောက်ရသည့် ကလေးငယ်တစ်ဦးက ပြန်လည်ပေးအပ်

**ကျောက်တံခါး မေ ၁**

မတ် ၃၀ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုရင်း တိုက်ကုန်းကျေးရွာနေ တောင်သူ နေသူအောင်(ခ) သံချောင်းသည် မိမိလယ်မှထွက်ရှိသော စပါးနှင့်ပဲများ ရောင်းချပြီး စိုက်ဘဏ်သို့ပေးဆပ်ရန် လွယ်အိတ်ထဲ၌ ငွေကျပ် ၁၂၄၆၀၀၀ ထည့်ထားပြီး စိုက်ဘဏ်ဖိုးပြန်သွင်းရန် ငွေကိုထုတ်စဉ် အပေါ်ဆုံး၌တင်ထားသောငွေထုတ်မှာ ထွက်ကျပျောက်ဆုံးခဲ့သည်။

"ကျွန်တော့်ငွေကျပ် ၁၂ သိန်း ကျော်ထွက်ကျလို့ ပျောက်ဆုံးသွားမှန်းသိလိုက်ရတဲ့အချိန်မှာ ဘယ်လိုမှဖြေသိမ့်လို့မရပါဘူး။ နိုင်ငံတော်က ချေးယူထားတဲ့ စိုက်ဘဏ်ငွေပြန်ဆပ်ဖို့ အိမ်မှာရှိတဲ့ စပါးနဲ့မတ်ပဲတွေ ရောင်းပြီး အကုန်လုံးယူလာတာ။ နောက်ထပ်ပြန်ဆပ်ဖို့ဆိုတာ ဘယ်လိုမှစဉ်းစားလို့မရပါဘူး။ ဒီနှစ်မှာက စပါးအထွက်နည်းတာရယ်၊ ပဲအထွက် ဆုတ်တာရယ်ကြောင့် စီးပွားရေးအဆင်မပြေဘူးလေ" ဟု ငွေကျပျောက်သူက ပြောသည်။

ထိုအချိန်တွင် စိုက်ဘဏ်ထဲ ငွေလာဆပ်သည့် တောင်သူတစ်ဦးက ကလေးမတစ်ဦး ငွေကောက်ရထားကြောင်း၊ ငွေကောက်ရထားသူမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်မိမိ၏ သမီး မဝမ်ဝမ်း(ခ) မခင်ဝတ်ရည်ဟိန်း (၁၂နှစ်) သတ္တမတန်းကျောင်းသူလေးဖြစ်ကြောင်း၊ အမှန်တကယ်ပျောက်ဆုံးသော ငွေအရေအတွက်၊ ငွေတန်ဖိုးအထောက်အထားများကို စိုက်ဘဏ်မန်နေဂျာ ဦးအုံးချိုနှင့် ရင်းတိုက်ကုန်းအုပ်စု စိုက်ဘဏ်အတွင်းရေးမှူး ဦးတင်သန်းတို့ထံ အမှန်အတိုင်းတင်ပြခဲ့ပြီး ငွေကျပ် ၁၂၄၆၀၀၀ ပြန်လည်ရရှိခဲ့ရာ မိခင်ဝန်ထမ်းကောင်း၏ သမီးဖြစ်သူ မဝမ်ဝမ်း(ခ) မခင်ဝတ်ရည်ဟိန်း၏ ရိုးသားဖြူစင်သောစေတနာကို ကျေးဇူးအထူးတင်ကြောင်း ပြောခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

## (၃၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း)နှင့် ချစ်မေမေ ဗိုလ်ကြီးဒေါ်စောသိန်း(ငြိမ်း)တို့၏ ၂-၄-၂၀၁၉ ရက်တွင် ကျရောက်သော (၃၅)နှစ်ပြည့်ကျောက်စိမ်းရတုမင်္ဂလာရက်မြတ် မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို စိတ်တူကိုယ်တူ ကျန်းမာခြင်းပြည့်စုံစွာဖြင့် ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့သောဘဝခရီးလမ်းကို ချစ်သမီးနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ . . . .

ချစ်သမီး - Dr. ဆင့်ဆင့်ဖြိုး
M.E(IT), TU(Thanlyin)
Ph.D(EC), YTU

## စစ်တက္ကသိုလ်
## အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း
## (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား
## အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ
## ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိစစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၉ခုနှစ် မေ ၇ရက်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နေပြည်တော်၊ ပြင်ဦးလွင်၊ ရန်ကုန်ရှိ ကျောင်းဆင်းသူငယ်ချင်းများမှ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေပြည်တော်။** ။ ၄-၄-၂၀၁၉ရက် နံနက် ၉နာရီအရောက် အေလာခေတ်အေးကျေးရွာရှိ ကိုယ်အင်္ဂါစွန့် စစ်မှုထမ်းဟောင်းများသို့ လိုအပ်သည်များ လှူဒါန်းခြင်းနှင့် ၁၉း၀၀နာရီမှ ၂၂း၀၀နာရီအထိ (Sky Palace) ဟိုတယ်တွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၇၉၆၇၁၇၀၈၈ သက်နောင်

**ပြင်ဦးလွင်။** ။ ၄-၄-၂၀၁၉ရက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ ဓမ္မစံရိပ်ငြိမ်သာသနာရိပ်သာ၊ ရွှေမြင့်သာကျေးရွာ၊ ရပ်ကွက်ကြီး(၁၄) အလှူတော်မင်္ဂလာပြုလုပ်ခြင်းနှင့် ၁၈း၀၀နာရီမှ ၂၂း၀၀နာရီထိ စုပေါင်းမင်္ဂလာခန်းမတွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၃၃၂၁၉၄၀၅ နေလင်းထွန်း

**ရန်ကုန်။** ။ ၇-၄-၂၀၁၉ရက် ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသော ကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ၁၉း၀၀နာရီမှ ၂၂း၀၀နာရီထိ မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲပြုလုပ်ခြင်း။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၃၁၃၃၃၈၆၉၊ ၀၉-၄၀၁၅၉၇၉၇၇၊ ၀၉-၅၁၇၁၆၇၁

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

သင်္ကြန်အပြီး ငပလီ မှာနားမယ်ဆိုရင်
17 April – 20 April (တစ်ခန်းလျှင် 90000ks - 140000 Ks)
ph: 393203, 095102361, 0973160306, 09795295388

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၁/၂၀၁၉)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)မှ ယူရီးယားဓာတ်မြေသြဇာ(ဂျိုးတုံး/ဂျိုးခဲ)၊ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့ရှိ ယူရီးယားဓာတ်မြေသြဇာ(အောက်ကျုံး)များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၄-၂၀၁၉ရက်မှ၂၄-၄-၂၀၁၉ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
- (ခ)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၇-၄-၂၀၁၉ ရက် (တနင်္လာနေ့)
**အချိန်နှင့်နေရာ** - ၁၂း၀၀နာရီ ရုံးအမှတ် ၄၄၊ နေပြည်တော်
**တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၂၇-၄-၂၀၁၉ ရက် ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

## ပြည်ထဲရေးဝန်ကြီးဌာန
## e-Passport ထုတ်လုပ်ရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Readable Passport)စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဦးဆောင်သည့် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ e-Passportလုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်း မြန်မာနိုင်ငံသား နည်းပညာကျွမ်းကျင်သည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာကို ၂၀၁၉ ခုနှစ် မေ ၆ရက် (တနင်္လာနေ့)မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၈)တွင် ဝယ်ယူနိုင်ပြီး ၂၀၁၉ခုနှစ် မေ ၃၀ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ် (၃၈)သို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ နည်းပညာလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည် ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်ကို နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) သတင်းရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၄၁၁၅၆၇၊ ၀၆၇-၄၁၁၅၈၀
(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ ဖုန်း-၀၁-၅၄၆၆၂၄

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၂ လမ်း၊ အမှတ် ၇၂၉ နေ ဦးတင်ထွန်း ၁၂/သဃက(နိုင်)၀၇၂၂၁၂၏ သမီး မခွန်းဆင့်နေခြည်ထွန်း (ILBC)အား မခွန်းဆင့်နေခြည်တင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## အမြန်ပြန်လာပါ



မစောစန္ဒာဖြိုးသည် ၂၇-၂-၂၀၁၉ ရက်မှစ၍ နေအိမ်မှ ပျောက်ဆုံးနေရာ အမြန်ပြန်လာပါ။ လက်ခံ၊ သွေးဆောင် ဖြားယောင်းထားသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်။

**နိုင်ဝမ်း**
**ဖုန်း-၀၉-၇၃၁၄၈၅၈၁၊ ၀၉-၄၃၁၅၈၆၀၆**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့နယ်၊ မခန္တီးကျေးရွာ ဦးသာရာဘီးလ်၏သား မောင်အာဇူလ်နှင့် မောင်ဘီဂျေးမှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁-၁၉၉၅ ဖြစ်ပါသည်။

## အမည်မှန်

လွယ်ဂျယ်မြို့၊ အောင်သီရိရပ်ကွက်နေ ဦးရန်တိုင် ၁/မမန(နိုင်)၀၄၃၁၀၁၏သား အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်း(B)မှ မောင်သိန်းဇော်ဗလ၏ အမည်မှန်မှာ မောင်သိန်းဟန်ဗလ ဖြစ်ပါကြောင်း။ **မောင်သိန်းဟန်ဗလ**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

ကြော်ငြာ

# ကျေးဇူးတင်လွှာ

AIR KBZ

4th Anniversary

2015

အဲကမ္ဘောဇလေကြောင်းလိုင်း စတင်တည်ထောင်ပြေးဆွဲချိန်မှစ၍
ယခု (၄) နှစ်တာ ကာလအတွင်း အစဉ်လိုက်ပါ
အားပေးစီးနင်းခဲ့ကြသော ခရီးသွားမိတ်ဆွေများ၊
ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
လက်မှတ်အရောင်းကိုယ်စားလှယ် ကြီးများ၊
သင်တန်းများပို့ချပေးခဲ့ပါသော သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊
ညီနောင်လေကြောင်းလိုင်းများ၊
ရုပ်သံနှင့် စာနယ်ဇင်းများ၊ အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို
လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အဲကမ္ဘောဇလီမိတက်**

KBZ BANK AIR KBZ MAI IKBZ Kempinski Hotel Nay Pyi Taw **MEMBERS OF KBZ GROUP**

ဆောင်းပါး

# အရှိန်ရလာသည့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၏ ပြုပြင်ပြောင်းလဲမှုများ

နိုင်လင်း(စက်မှု)

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းသည် စက်မှုဝန်ကြီးဌာန၏ စက်မှုကဏ္ဍဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာ ကဏ္ဍဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းရန်နှင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ပိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန်နှင့် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းမှုများ ရအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးတွက်ခြေကိုက်စေမည့် ကျစ်လျစ်သည့် စက်မှုလုပ်ငန်းများအဖြစ် အကျိုးအမြတ်ဖြစ်ထွန်းမှုများရရှိနိုင်ရန်အတွက်လည်း အသွင်ကူးပြောင်းလာသော ဒီမိုကရေစီစနစ်၏ စီးပွားရေးပုံစံဖြစ်သည့် ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ကာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ကို ဦးစားပေးလုပ်ဆောင်ရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ထုတ်လုပ်မှုအားကောင်းသော ပုဂ္ဂလိကစီးပွားရေး အလျင်အမြန် တိုးတက်ဖွံ့ဖြိုးစေရန် ပုဂ္ဂလိကပိုင်းက လုပ်ကိုင်နိုင်မည့် စက်မှုလုပ်ငန်းများကို အချိတ်အဆက်မိမိ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတာဝန်ယူပြီးနောက် စက်မှုဝန်ကြီးဌာန လက်အောက်တွင် နိုင်ငံပိုင်လုပ်ငန်းများကို လုပ်ငန်းသဘာဝနှင့် ထုတ်ကုန်ပစ္စည်းတူညီသည်များ ပေါင်းစည်း၍ စက်မှုလုပ်ငန်းစုများအဖြစ်မှ စက်မှုလုပ်ငန်းကော်ပိုရေးရှင်းများအဖြစ်သို့ တည်ထောင်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနကိုလည်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)အကြီးစားစက်မှုဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခု ခွဲခြားသတ်မှတ်ခဲ့ပါသည်။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းဖြစ်လာမည့် ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းကို ၁၆-၃-၁၉၇၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းသို့ဖွဲ့စည်းစဉ်က ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်းလက်အောက်တွင် စက်ရုံကိုးရုံသာရှိခဲ့ပြီး ဝန်ထမ်းအင်အား ၄၂၉၇ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

လက်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်တာဝန်ယူစဉ်ကာလတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) အကြီးစားစက်မှုဝန်ကြီးဌာနကို ပြန်လည်ပေါင်းစည်းပြီး စက်မှုဝန်ကြီးဌာနအဖြစ် ၄-၄-၂၀၁၂ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့ပါသည်။ စက်ရုံပေါင်း ၂၅ ရုံထိ ထူထောင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးသော စက်ရုံ ၁၁ ရုံနှင့် ဖျက်သိမ်းစက်ရုံတစ်ရုံ စုစုပေါင်း စက်ရုံ ၁၂ ရုံ လျှော့နည်းခဲ့ပြီး ကျန်သောစက်ရုံ ၁၃ ရုံကို လုပ်ငန်းသဘာဝတူညီသည့် စက်ရုံအချင်းချင်း ပေါင်းစည်းလျက် အကြီးစားစက်ရုံ ခြောက်ရုံအဖြစ် ဖွဲ့စည်းခဲ့သည့်အပြင် ဝန်ကြီးဌာနအတွင်း ထပ်မံလွှဲပြောင်းပေးသော အကြီးစားစက်ရုံ သုံးရုံပါဝင်လျက် အကြီးစားစက်ရုံကိုးရုံအဖြစ် ဝန်ထမ်းအင်အား ၈၀၆၇ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ၁-၄- ၂၀၁၄ ရက်နေ့မှစ၍ တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

အဓိကထုတ်ကုန်ပစ္စည်းများအဖြစ် ဆောက်လုပ်ရေးလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာသုံး အထောက်အကူပြုထုတ်ကုန်ပစ္စည်းများကို အကြီးစားစက်ရုံများဖြစ်ကြသည့် သရက်၊ ကြံခင်း၊ ကျောက်ဆည် (စက်ရုံနှစ်ရုံ)၊ သာယာဝတီ၊ ချောက်၊ ဆင်တဲ၊ မလွန်နှင့် အင်းကုန်းစက်ရုံများမှ ထုတ်လုပ်ပေးလျက်ရှိပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအဖြစ် ဘိလပ်မြေ၊ ဘိလပ်မြေထွက် အမိုးပြားနှင့် မျက်နှာကြက်ပြားများ၊ အဆင့်မြင့်မီးခံအုတ်နှင့် အလှဆင်ကျောက်ပြားများ၊ ပန်းကန်ခွက်ယောက်အမျိုးမျိုး၊ ရေအိမ်သုံးနှင့် ကြွေထည် ပစ္စည်းအမျိုးမျိုး၊ အလှဆင်ကြွေပြားအမျိုးမျိုး၊ ပေ့ါပါးခိုင်ခံ့သော ပေါင်းခံလေကွန်ကရစ်အုတ်နှင့် ဖိနှိပ်ခံလေကွန်ကရစ်အုတ်များ၊ မဟာလျှပ်စစ်ဓာတ်အားလိုင်း စီမံကိန်းများအတွက် ဗို့အားမြင့် သံထည်ကူကြွေသီး အရွယ်စုံအမျိုးမျိုး၊ မှန်ကြည်၊ အရောင်မှန်၊ ကြည့်မှန်နှင့် အားဖြည့်မှန်အမျိုးမျိုး၊ လေကာလွှာထပ်မှန်နှင့် အထူးလွှာထပ်မှန်အမျိုးမျိုး ထုတ်လုပ်ပေးပါသည်။



အမှတ်(၁၆)အကြီးစားစက်ရုံ ကျောက်ဆည်။

လယ်ယာသုံးအထောက်အကူပြု ထုတ်ကုန်ပစ္စည်းများအဖြစ် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရိတ်သိမ်းချိန်မတိုင်မီ၊ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် အချိန်အခါများ၌ အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာ၊ လက်သုံးကိရိယာများ၊ ကောက်စိုက်စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်ကြီးများ၊ ဆန်စက်ငယ်များ၊ မြေပြုပြင်ရေးအတွက် လမ်းကြိတ်စက်များနှင့် အခြားသော ဆက်စပ်ပစ္စည်းများနှင့် စက်အစိတ်အပိုင်း အမျိုးမျိုး ထုတ်လုပ်ပေးပါသည်။

ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ၈-၃-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် အခန်း ၁၄ ခန်းပါ ပြည်ထောင်စုလွှတ်တော်၏ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ၂၆-၃-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်သည့် အခန်း ၂၅ ခန်းပါ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ နိုင်ငံ့ဝန်ထမ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အဆင့်မြင့်နည်းပညာရပ်တွင် ယှဉ်ပြိုင်မှုစွမ်းရည်မြင့်မားပြီး အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များဖြစ်ပေါ်စေရန်နှင့် နည်းပညာအထောက်အပံ့များရရှိရန် ဌာနတွင်းနှင့် ဝန်ကြီးဌာနအတွင်း ဖွင့်လှစ်သည့် သင်တန်းများ၊ စက်မှုသင်တန်းကျောင်းများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ ဝန်ထမ်းများစေလွှတ်ပြီး ဘာသာရပ်အသီးသီးအလိုက် လေ့ကျင့်သင်ကြားမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံသည် အာဆီယံလွတ်လပ်သောကုန်သွယ်မှု ဒေသထူထောင်မှုအောက်တွင် ပါဝင်ပြီး လက်ရှိဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွင်း မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူပူးပေါင်းလျက် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများရရှိရန် ကြိုးတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

မကြာသောအချိန်ကာလတွင် ပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များပြည့်မီလျက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအဖြစ် ဖန်တီးပေးမည့် e- Government စနစ်ကို ဝန်ထမ်းများကိုယ်တိုင်ပါဝင်ပြီး လက်တွေ့ထိရောက်စွာ ချိတ်ဆက်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ e- Government နှင့် သင့်တော်ကိုက်ညီမည့် ဥပဒေ၊ နည်းဥပဒေသစ်များလည်း ပေါ်ပေါက်လာမည်ဖြစ်ရာ ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် ပြည်သူများအတွက် တူညီသောအစိုးရ၏ဝန်ဆောင်မှုများ ပေးစွမ်းရန်အတွက် ပိုမိုပွင့်လင်းမြင်သာမှုများရရှိပြီး ယုံကြည်မှု၊ ကျေနပ်မှုများ တိုးတက်ဖြစ်ထွန်းစေပါမည်။

ဘဏ္ဍာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒလေးရပ်အနက် တစ်ရပ်ဖြစ်သော စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေးအချက်ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးစီမံကိန်းများကို လျာထားဆောင်ရွက်ရာ၌ ရေတိုအတွက် အကျိုးဖြစ်ထွန်းမည့် စီမံကိန်းများကိုဦးစားပေးပြီး ရေရှည်အကျိုးရှိသော စီမံကိန်းများကိုမျှတစွာထည့်သွင်း စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သောစီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် အစီအမံများအဖြစ် ထည့်သွင်းလျာထား ဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက် နိုင်စွမ်း ရှိ-မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ-မရှိ ဘက်ပေါင်းစုံမှ တွက်ချက်ထားရန် လိုအပ်ပါသည်။

ကာလတို၊ ကာလရှည် အစိုးရ၏ ရငွေ၊ သုံးငွေများကို အခြေခံ၍ ရသုံးမှန်းခြေငွေစာရင်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားသုံးငွေ၊ ဝန်ထမ်းအင်အား၊ ရင်းနှီးပစ္စည်း၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ ရောင်းချမှု၊ လက်ကျန်စာရင်းနှင့် လုပ်ငန်းဆောင်ရွက်ပေးနိုင်မှု အချက်အလက်များ ပါဝင်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းပါ သတ်မှတ်ထားသည့် ရရန်ငွေများကို အပြည့်အဝရရှိအောင် ကောက်ခံခြင်း၊ သတ်မှတ်ဘောင်အတွင်း သုံးစွဲခြင်းနှင့် ကွဲလွဲမှုရှိလျှင် ပြည့်စုံစွာထပ်မံတင်ပြတောင်းခံခြင်းများ ဆောင်ရွက်ရပါသည်။ ရငွေများ သတ်မှတ်သည်ထက် လျှော့နည်းရရှိမှုမဖြစ်ပေါ်ရန်၊ သုံးငွေများကိုလည်း သာမန်အသုံးစရိတ်တစ်ရပ်လုံးထက် ကျော်လွန်သုံးစွဲမှုမရှိရန်နှင့် အသုံးစရိတ်များ လွှဲပြောင်းသုံးစွဲရာတွင်လည်း သတ်မှတ်ဘောင်အတွင်းဖြစ်ပေါ်ရန် အထူးကြပ်မတ်ဆောင်ရွက်ရပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၃

## ချင်းတွင်းမြစ်အတွင်း ငါးမျိုးမပြုန်းတီးရေးကာကွယ်ရန်လိုအပ်



**ရေစကြို မတ် ၃၁**

သဘာဝတရားကြီးက ဖန်တီးပေးထားသော ချင်းတွင်းမြစ်သည်ရေစကြိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသောကြောင့် ဒေသခံများမှာ တစ်နှစ်ပတ်လုံး လတ်လတ်ဆတ်ဆတ် မြစ်ငါးများကို နေ့စဉ်စားသုံးနေကြရကြောင်း သိရသည်။

"ကျွန်မတို့က ကိုယ်တိုင်ဖမ်းတာ မဟုတ်ပါဘူး၊ ဖမ်းတဲ့လူတွေဆီက တစ်ဆင့် ဖောက်သည်ယူပြီး ရောင်းချနေတာဖြစ်ပါတယ်။ မြစ်ငါးကတော့ တစ်နှစ်ပတ်လုံးရနေပါတယ်။ ငါးအမျိုးအစားကတော့ သူ့ရာသီနဲ့သူ ပေါတာဆိုတော့ ငါးရှားတဲ့ကာလနဲ့ ငါးပေါတဲ့ကာလပဲကွာတာပါ။ မြစ်ထဲကတော့တစ်နှစ်ပတ်လုံး ရနေတာပါပဲ၊ မနက်ဈေးနဲ့ ညနေဈေးတစ်နေ့နှစ်ကြိမ် ရောင်းပါတယ်။ တစ်ရက်လေးငါးခြောက်ထောင်တော့ အမြတ်ကျန်ပါတယ်"ဟုဖောက်သည်ယူရောင်းချသူအမျိုးသမီးတစ်ဦးက ပြောသည်။

ဈေးဝယ်သူအမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့ အိမ်ရှင်မတွေကတော့ မြစ်ငါးကို ပိုပြီးသဘောကျတယ်။ ရေချိုငါးလည်းဖြစ် လတ်လတ်ဆတ်ဆတ်ဆိုတော့ စားရတာပိုပြီးအရသာရှိတယ်။ ငါးသလောက်ရေခဲရိုက်က တစ်ပိဿာ ငွေကျပ် ၇၀၀၀၊ ၈၀၀၀အထိပဲရှိတာ၊ မြစ်ငါးသလောက်ကတော့ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ဆိုပေမယ့် မြစ်ငါးသလောက်ပဲ ဝယ်စားတယ်" ဟု ပြောသည်။

ချင်းတွင်းမြစ်အတွင်းမှ ရေချိုငါးများကို ရောင်းချသူများက နေ့စဉ်ရောင်းချနေကြရသလို စားသုံးသူများကလည်း နေ့စဉ် စားသုံးနေကြရသည့်အတွက် ငါးသယံဇာတများ မျိုးသုဉ်းပျောက်ကွယ်မသွားရအောင် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်း၊ ငါးသားပေါက်ချိန်များတွင် ဥနှင့်ငါးများကို ဖမ်းဆီးခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်သလို ကာကွယ်ကြရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု စိတ်ပါဝင်စားသူများက ပြောကြားသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## လယ်ယာမြေ လျော်ကြေးပေးအပ်ပွဲကျင်းပ

**ချောင်းဆုံ မတ် ၃၁**

သံလွင်တံတား(ချောင်းဆုံ) ချောင်းဆုံဘက်ခြမ်းချဉ်းကပ်လမ်း တည်ဆောက်ရေးအတွက် ထိခိုက်နစ်နာဆုံးရှုံးသွားသည့် လယ်ယာမြေ၊ အိမ်၊ ခြံ၊ လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မော်လမြိုင်ခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးတို့က လျော်ကြေးငွေပေးအပ်သည့်ကိစ္စများကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေခြံပိုင်ရှင်များအား လျော်ကြေးငွေကို တစ်ဦးချင်းစီ ပေးအပ်ခဲ့သည်။

အဆိုပါလျော်ကြေးငွေကို ကမ်းကပ်ခုံမှ ကညော့်ရွာအဝင်ထိ ၃၁ ဦး၊ ရွာအတွင်းပိုင်း လေးဦး၊ ကညော့်ရွာအထွက်မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအောင်ခင် ဇရပ်အထိ ၃၇ ဦးစသည်ဖြင့် အပိုင်းသုံးပိုင်းခွဲကာ သီးနှံလျော်ကြေး ၁၉ ဒသမ ၂ ဧကငွေကျပ် ၅၇၅၄၀၀၀၊ အိမ်လျော်ကြေးသုံးလုံး ငွေကျပ် ၃၄၈၀၀၀၀၊ အိမ်ခြံ မြေလျော်ကြေး ၀ ဒသမ ၀၉ ဧက ငွေကျပ် ၃၂၇၂၇၂၀၊ လယ်ယာမြေ ၂၃ ဒသမ ၄ ဧက ငွေကျပ် ၄၆၇၈၀၀၀၀၊ ရော်ဘာပင်လျော်ကြေးငွေကျပ် ၁၀၇၃၀၀၀၀ အတွက် စုစုပေါင်းလျော်ကြေးငွေကျပ် ၇၀၀၁၆၇၂၀ ဖြစ်ပြီး မြေပိုင်ရှင် ၇၂ ဦးကို လျော်ကြေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

# နွေရာသီအခြေခံ အားကစားသင်တန်းများဖွင့်

**နေပြည်တော် ဧပြီ ၁**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်ကြီးမှူး၍ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ၂၀၁၅ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများ စုပေါင်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက်က ပျဉ်းမနားမြို့ပေါင်းလောင်း အားကစားကွင်းကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက်နွေရာသီအားကစားသင်တန်း အထောက်အကူပစ္စည်းများနှင့် ဂုဏ်ပြုငွေများအား ပြည်ထောင်စုဝန်ကြီးက သီရိ(၅)မြို့နယ်ဖြစ်သော ဇေယျာ၊ ဥတ္တရ၊ ဒက္ခိဏ၊ ပုဗ္ဗ၊ ဇမ္ဗူသီရိနှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ပညာရေးမှူးများအား ပေးအပ်ခဲ့ကြောင်း၊ ထို့နောက် အ. ထ. က(၁) ပျဉ်းမနားမှ ဘင်ခရာအဖွဲ့၊ အားကစား သရုပ်ပြအဖွဲ့များနှင့် နည်းပြအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့နောက်အားကစားအဖွဲ့များဖြစ်ကြသော သိုင်းအဖွဲ့ချုပ်၊ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့ ရွှေတံဆိပ်ဆုရှင်အားကစားသမားများက သရုပ်ပြသပေးကြောင်း သိရသည်။ **ကိုကြီးကျော်(ပျဉ်းမနား)**




# မြန်မာ့ကော်ဖီစေ့များ တရုတ်နှင့်ဂျပန်မှ ဝယ်ယူ

**ရှာင် ဧပြီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာင်ဒေသမှ ဆုံလည်ထောင်းကော်ဖီစေ့များကို တရုတ်နိုင်ငံမှ တန်ချိန် ၁၀၀ ဝယ်ယူသွားပြီဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာင်ဒေသတွင် ကျေးရွာပေါင်း ၁၂၅ ရွာရှိပြီး ကော်ဖီစိုက်ဧက ၆၀၀၀ ကျော်ရှိပါတယ်။ မတ် ၂၀ ရက်ကပဲ ဆုံလည်ထောင်းကော်ဖီစေ့ တန် ၇၀ ကို တရုတ်နိုင်ငံကို ရောင်းဖြစ်ပါတယ်။ နောက် ကျန်တဲ့ တန် ၃၀ ကို ပို့ဖို့ စီစဉ်နေပါတယ်"ဟု ရှမ်းပြည်နယ်(တောင်ပိုင်း) ကော်ဖီစိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်ကျော်က ပြောကြားပေးသည်။ ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းပြီးနောက် အဖွဲ့ဝင်အင်အား ၄၀၀ အထိရှိလာပြီး လာမည့်ကော်ဖီစိုက်ရာသီ၌ ကမ္ဘာ့အဆင့်မီ အရည်အသွေးကောင်းသော ကော်ဖီစေ့များကို တစ်ရွာလုံး စိုက်ပျိုးနိုင်ရန်အတွက် စီမံကိန်းကြိုတင်ပြင်ဆင်မှုများရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဂျပန်နိုင်ငံသို့လည်း စက်ဖြင့် အခွံချွတ်၍ အစိုနည်းဖြင့် ထုတ်လုပ်ထားသော ကော်ဖီစေ့များကိုပါ တင်ပို့ရန် အစီအစဉ်များရှိနေပြီး လာမည့်ဧပြီလဆန်းတွင် တန်ချိန် ၂၀ စမ်းသပ်တင်ပို့သွားမည်ဟု သိရသည်။

ကော်ဖီကို ရွာင်ဒေသ၌ မိရိုးဖလာနည်းအတိုင်း ဆုံလည်ထောင်းနှင့် မြေကြီးလှန်းစနစ်ဖြင့် အများဆုံး ထုတ်လုပ်လျက်ရှိနေသည်။ မြန်မာ့ကော်ဖီစေ့အား နိုင်ငံခြားတိုင်းပြည်များက ကြိုက်နှစ်သက်ကြသော်လည်း ထုတ်လုပ်မှု နည်းပညာအားနည်းမှုကြောင့် ဝယ်လိုအားနည်းရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က အစုအဖွဲ့တည်ထောင်ခဲ့ပြီးနောက်ပိုင်း ကော်ဖီစိုက်သူများအား နည်းပညာများဖြန့်ဝေပေးနိုင်မှု၊ အခွံချွတ်စက်များပံ့ပိုးထုတ်ပေးနိုင်မှုတို့ကြောင့် ထုတ်လုပ်ရေးအပိုင်း၌ အရည်အသွေးများ မြင့်မားလာခဲ့ပြီး ယခုကဲ့သို့ နိုင်ငံခြားတိုင်းပြည်တို့မှ ဝယ်ယူရန် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။



၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ပိဿာချိန် သုံးသိန်းကျော်ထွက်ရှိခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပိဿာချိန်လေးသိန်းကျော်ထွက်ရှိရန် အခြေအနေတွင်ရှိကြောင်း သိရသည်။

ထို့အပြင် ရွာင်ဒေသအခြေပြု၍ U.S AID (အမေရိကန်မှ တောင်သူချင်း ပူးပေါင်းကူညီမှုအစီအစဉ်)ဖြင့် အမေရိကန်နိုင်ငံရုံးထိုင် အရသာ အရည်အသွေး စစ်ဆေးသူများ၏ မှတ်ချက်အရ မြန်မာ့ကော်ဖီအဆင့်မှ သာမန်ရမှတ်အဆင့်များကို ကျော်လွန်လာခဲ့ပြီး ၈၄ မှတ်အထိရရှိလာ၍ နိုင်ငံခြားတိုင်းပြည်များ၏ လက်ခံမှုကိုရရှိနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ အရည်အသွေးများ မြင့်မားလာသည်နှင့်အမျှ ပြည်ပတိုင်းပြည်များ၏ ဝယ်လိုအား အမှာစာများရရှိလာသည်နှင့်အညီ ကော်ဖီစိုက်တောင်သူများ၏ ဘဝပိုမိုတိုးတက်လာမည်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ ကြားသိခဲ့ရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# တန်းမြင့်မြေတိုင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဆင်း

**ရန်ကုန် ဧပြီ ၁**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၁၉) နှင့်လုပ်ငန်းခွင်တိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် (၃၆) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာရေး သင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး) က သင်တန်းဆင်းအမှာစကားပြောကြားသည်။ သင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၈၅ ဦး တက်ရောက်ခဲ့သည်။ သင်တန်းတွင် လယ်ယာမြေဥပဒေ ၊မြေလွတ်မြေလပ်နှင့် မြေရိုင်းများအား စီမံခန့်ခွဲရေးဥပဒေ၊ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ ခေတ်မီမြေတိုင်းတာခြင်းနှင့် မြေပုံဆွဲခြင်း၊ လယ်ယာစာရင်းကောက်ယူခြင်း၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်းနှင့် ဌာနဆိုင်ရာ လုပ်ငန်းရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# အင်းလုပ်သားတို့အား သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ပေးသွားမည်

**ဖျာပုံ ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ရေချိုငါး၊ ပုစွန်ဖမ်းဆီးနိုင်သည့်ကာလ သတ်မှတ်ချက်များအနေဖြင့် မိုးပုစွန်အင်းလုပ်ငန်းကို နှစ်စဉ်တန်ခူးလဆန်း ၁ ရက်မှ နတ်တော် လကုန်အထိ၊ နွေအင်းလုပ်ငန်းကို တော်သလင်းလဆန်း ၁ ရက်မှ တပေါင်းလကုန်အထိ သတ်မှတ်ထားကြောင်း သိရသည်။

ခရိုင်အတွင်း အင်း ၃၀၇ခု၊ တင်ဒါပိုက်ချက် ၅၀၆ နှင့် ဘုံစာ ကင်ဒါချက် ၁၀၅ ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ တွင် နိုင်ငံတော်အတွက် ရောင်းရငွေကျပ် ၁၆၇၀၅၁၈၉၆၈၊ တင်ဒါပိုက်ချက် ရောင်းရငွေကျပ် ၃၉၁၀၅၄၇၃၀၊ ထို့အပြင် ဒေသတွင်းကုန်စျေးနှုန်း တည်ငြိမ်ကျဆင်း ရေးအတွက် ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ၁၆၂ အင်းကို ကြေးတိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ အင်းခွန်ရ ငွေကျပ် ၁၀၅၄၇၈၃၉၆၈ ရရှိခဲ့ကြောင်း ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးဝင်းကြိုင်က ပြောပြသည်။

ထို့အပြင် မိုးပုစွန် အင်းလုပ်ငန်းနှင့်နွေအင်းလုပ်ငန်းတို့၏ သတ်မှတ်ထားသည့် ကျန်ကာလများ၌ ဒေသခံနယ်မြေများတွင် ငါး၊ ပုစွန်စားသုံးမှုလွယ်ကူအဆင်ပြေရေး၊ ဒေသခံတို့ အလုပ်အကိုင်ရရှိ ရေး၊ ကုန်စျေးနှုန်းကျဆင်း ရေးတို့နှင့် ဆင်းရဲမှုလျှော့ချရေး စသည့် ရည်ရွယ်ချက်များဖြင့် ရေပေါ်ရေလျှံငါး၊ ပုစွန်များကို ဒေသခံရေလုပ်သားများအား အခွန်လွတ်ကိရိယာ ၁၆ မျိုး ဖြင့် ငါး၊ ပုစွန်များ ဖမ်းဆီးခွင့်ပြုထားကြောင်းကိုလည်း သိရသည်။

မိုးပုစွန်အင်းလုပ်ငန်းနှင့် နွေအင်းလုပ်ငန်းများ ၂၀၁၄-၂၀၁၅ ခုနှစ် အကျိုးအမြတ်ရရှိမှုနှင့်ပတ်သက်၍ မြစ်ချောင်းအင်းအိုင်များတွင် ငါး၊ ပုစွန်များ အမိအရနည်းပါးသွားပြီဖြစ်သော်လည်း ဝယ်လိုအားများ၍ စျေးမြင့်ရောင်းချရသည့်အတွက် အကျိုးအမြတ်နည်းသူနှင့် များသူတို့သာရှိပြီး အရှုံးမရှိကြောင်းကို ခရိုင်ဦးစီးဌာနမှူးက သုံးသပ် ပြောကြားသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်း ဖျာပုံခရိုင်အတွင်း ရေချိုငါး၊ ပုစွန်များ ဖမ်းဆီးရန် အင်းဂရန် ၁၀၇ အင်း၊ တင်ဒါပိုက်ချက် ၄၇၃ ချက်တို့အား နိုင်ငံတော်ဝင်ငွေရရှိရေးအတွက် အင်းလုပ်သားကြီးတို့အား သတ်မှတ်စည်းကမ်းများနှင့်အညီ လုပ်ပိုင်ခွင့်များပေးသွားမည်ဟု သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ကုသပေး

**ဟုမ္မလင်း ဧပြီ ၁**

ကျန်းမာရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့တို့ပူးပေါင်း၍ မတ် ၁၄ ရက်မှ ၂၈ ရက်အထိ ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ ဆေးရုံတွင် မျက်စိဝေဒနာရှင်များကို အခမဲ့လာရောက်ကုသပေးရာ တာဝန်ရှိသူများက လူနာများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးကုသမှုခံယူသော ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြသည်။

အဆိုပါ မျက်စိဝေဒနာရှင်များ ကုသပေးရာ ၁၂၃၀ ဦးခန့် စမ်းသပ်ကုသပေးပြီး အကြီးစားခွဲစိတ်သူပေါင်း ၂၀၂ ဦး၊ အသေးစားခွဲစိတ်သူပေါင်း ၆၆ ဦး စုစုပေါင်း ၁၄၉၉ ဦးခန့်ကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**သထုံ ဧပြီ ၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုများ ကင်းစင်ရေးတို့အတွက် သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဆောင်သောတပ်ဖွဲ့ဝင်များက မတ် ၂၉ ရက်က ဇရစ်ချောင် ကျေးရွာအုပ်စု အလံတရာကျေးရွာရှိ လေသာကုန်း အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံလူငယ်များနှင့် ရပ်မိရပ်ဖများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် သထုံမြို့မရဲစခန်းမှူးတို့က အတာသင်္ကြန်ကာလအတွင်း ယဉ်ကျေးမှုနှင့်လျော်ညီစွာ ရေကစားကြရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မှုခင်းကျဆင်းရေး၊ တုတ်၊ ဓား၊ ချွန်ထက်သော လက်နက်များ ကိုင်ဆောင်ခြင်းနှင့် ပတ်သက်သည့် ဥပဒေများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးကာ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ တပ်ကြပ်ကြီးက အတာသင်္ကြန်ကာလအတွင်း သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မော်တော်ဆိုင်ကယ်များ အိတ်ဇောဖြုတ်ခြင်း၊ အိတ်ဇောပြောင်းနှင့် ဟွန်းရှည်များတပ်ဆင်ကာ စည်းကမ်းမဲ့ မောင်းနှင်ခြင်းမပြုကြစေရေးကို ဆွေးနွေးဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အသိပညာပေး ဟောပြော

**ကသာ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာကျေးရွာ၌ ကသာမြို့နယ် သတင်းထောက်အဖွဲ့မှ ဦးဆောင်ကာ ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြစေရေး၊ ပြစ်မှုဥပဒေ လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ကြစေရေး၊ မှုခင်းကျဆင်းလျော့နည်းရေး၊ အသိပညာ ဗဟုသုတတိုးပွားစေရေးတို့ကို ရည်ရွယ်၍ ဟောပြောပွဲကို မတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **ဖိုးနိုင်(ကသာ)**

## စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်တွင်းသတင်း

# ဧရာဝတီမြစ်တွင်း ကုန်တင်သင်္ဘောများ ရေစူးလျော့ချ ခုတ်မောင်း



**မြင်းမူ ဧပြီ ၁**

မြင်းမူမြို့အနီး၌ ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေနည်းပါးနေသဖြင့် မြစ်အတွင်းခုတ်မောင်းသည့် ကုန်တင်သင်္ဘောများအနေဖြင့် သင်္ဘောရေစူးလျော့နည်းစေရန် ကုန်များလျှော့ချကာ ခုတ်မောင်းနေကြကြောင်း သိရသည်။

ရွှေကြက်ယက်သို့ ပို့ဆောင်မည့် ကျောက်မီးသွေးများ တင်ဆောင်လာသော ကုန်တင်တွဲသင်္ဘောများမှ ရေကြောင်းပြ ဦးတိုးတိုးက ၄င်းတို့အဖွဲ့တွင် ကျောက်မီးသွေးတင်ကုန်တွဲခြောက်စင်းပါကြောင်း၊ ကုန်ချိန်များနေသဖြင့် မြင်းမူမြို့အနီးတွင် အထက်သို့ဆက်မတက်နိုင်ဘဲ ၁၅ ရက်ကြာ ရပ်တန့်စောင့်ဆိုင်းနေခဲ့ရကြောင်း၊ သင်္ဘောခုတ်မောင်းနိုင်ရန်အတွက် တွဲပေါ်ပါကျောက်မီးသွေးများကို ရွှေကြက်ယက်၌ ကျောက်မီးသွေးချပြီး ပြန်လာသောတွဲများပေါ်သို့ ပြောင်းတင်ကာ အလေးချိန်လျှော့ချထားပြီး ရေစူးတစ်ပေကျော်ခန့် လျော့သွားသဖြင့် မကြာမီ ခုတ်မောင်းနိုင်တော့မည်ဖြစ်ကြောင်း မတ် ၃၁ ရက်တွင် ပြောသည်။

မြင်းမူမြို့ အထက်ဘက်ရှိ ရဲမတိုင်းရွာသစ်နေရာတွင် ရေကြောင်း၌ ရေစူး ၄ ပေ ၆လက်မဆိုလျှင် ကောင်းစွာသွားလာနိုင်ကြောင်း၊ ပုဂ္ဂလိကကုန်စည်တင်သင်္ဘောများ အနေဖြင့် ရေစူး ၅ ပေအထက် တင်လာကြပြီး ရေတိမ်သောနေရာများတွင် တွန်းတိုက်ခုတ်မောင်းကြသောကြောင့် ရေလမ်းကြောင်းထဲ၌ သဲခုံများဖြစ်ကာ လမ်းကြောင်းများလည်း ပိုမိုကြပ်တည်းလာ၍ သင်္ဘောများခုတ်မောင်းနေရကြောင်းကို ၄င်းက ဆက်လက်ပြောသည်။

မြင်းမူမြို့အနီး၌ ဧရာဝတီမြစ်ရေသည် ရေစူး ၄ ပေ ၆ လက်မရှိ သင်္ဘောများသွားလာနိုင်ပြီး သင်္ဘောများခုတ်မောင်းသွားလာမှုလွယ်ကူစေရန် (၁၁၁)လုံး ဗောကျရေယာဉ်မှလည်း သင်္ဘောများခုတ်မောင်းနိုင်မည့်ရေကြောင်းလမ်းကိုပြသည့် ရေပေါ်ပြအမှတ်အသားများကို မတ် ၂၆ ရက်က ချပေးထားကြောင်း၊ ဗောကျရေယာဉ်မှ ချပေးထားသည့် ရေကြောင်းလမ်းမှာ အနည်းဆုံး ၄ ပေ ၆ လက်မရှိကြောင်း မြင်းမူမြို့ ရေကြောင်းမန်နေဂျာထံမှ သိရသည်။

မတ်၊ ဧပြီ၊ မေလများသည် ဧရာဝတီမြစ်ရေ ပုံမှန်လျော့ကျလေ့ရှိကာ သင်္ဘောများရေစူးလျှော့၍ ခုတ်မောင်းရကြောင်း၊ ယခုနှစ် မတ်လအတွင်း၌လည်း ရေစူး ၄ ပေ ၆ လက်မရှိခဲ့ပြီး ဧပြီနှင့် မေလတွင်လည်း ရေစူး ၄ ပေ ၆ လက်မခန့်ရှိ သင်္ဘောများ အစုန်အဆန် ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၀၇၉)



**နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ၏ စာရင်းအချက်အလက်များ မှန်ကန်စွာရရှိနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဝန်ထမ်းများက မဲဆန္ဒရှင်စာရင်း အချက်အလက်များကို ကွန်ပျူတာဖြင့် ပြုစုထည့်သွင်းခြင်းများ မတ် ၃၁ ရက်က ဆောင်ရွက်စဉ်။**

မောင်ကို(သာစည်)

# မိုးပွင့်အထူးစီမံချက်ကွင်းဆင်းဆောင်ရွက်ရန် ဆွေးနွေး

**ငါးသိုင်းချောင်း ဧပြီ ၁**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်အတွင်းမှ ပြည်သူများအား မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရန်အတွက် ငါးသိုင်းချောင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ငါးသိုင်းချောင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာ ၃၈ ရွာမှ အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်းက အမှာစကားပြောကြားပြီး ငါးသိုင်းချောင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာဦးက ကျေးရွာအုပ်စု ၁၉ အုပ်စုမှပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၉၃ ခုနှင့် အိမ်ထောင်စုစာရင်း ၁၆၁၄ စောင်ကို ရပ်ကျေးအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးများ ရောင်းချမှုမရှိစေရန် ဆေးဆိုင်များ၌စစ်ဆေး

**မုံရွာ ဧပြီ ၁**

သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းပပျောက်စေရန်အတွက် မုံရွာမြို့ပေါ်ရှိ ဆေးဆိုင်များတွင် တရားမဝင်မူးယစ်ဆေးဝါးများနှင့် လိင်စိတ်ကြွစေသောဆေးဝါးများ ရောင်းချမှု မရှိစေရန် မုံရွာမြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ မတ် ၃၀ ရက်မှ စတင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အစားအသောက်ဆေးဝါးကွပ်ကဲမှုအဖွဲ့(FDA)၊ မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က မုံရွာမြို့ရှိ ဆေးဆိုင်ကြီး ရှစ်ဆိုင်နှင့် ဆေးဆိုင်ငယ် ၄၂ဆိုင်ကို အဖွဲ့သုံးဖွဲ့ခွဲ၍ စစ်ဆေးနေခြင်းဖြစ်သည်။ မုံရွာမြို့ပေါ်ရှိ ဆေးဆိုင်အားလုံးကို သင်္ကြန်အကြိုကာလမှစတင်၍ သင်္ကြန်တွင်းကာလများတွင်လည်း စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရားမဝင်တားမြစ်မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးများရောင်းချခြင်း ရှိ မရှိစစ်ဆေးခြင်းကို သင်္ကြန်အပြီးကာလများတွင်လည်း ယခုကဲ့သို့ပူးပေါင်းအဖွဲ့ဖြင့် ယခုထက်လူဦးရေတိုးကာ စစ်ဆေးကြပ်မတ်မှုများ ဆက်တိုက်ဆောင်ရွက်လျှင် လူငယ်များအကြားဖြစ်ပွားနေသော မူးယစ်ဆေးပြဿနာများလျော့နည်းစေမည့်အပြင် လုံးဝကင်းရှင်းသွားစေနိုင်ကြောင်း FDA မှ တာဝန်ရှိ ဆရာဝန်တစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ပြည်တွင်းသတင်း

# မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြော

**တောင်သာ မေ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်း မှုခင်းလျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များနှင့် ဥပဒေများကို မြင်းခြံခရိုင် အမှတ် (၉၅) မှုခင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ ရဲအုပ်စိုးမိုးအောင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်မောင်က မူးယစ်ဆေးဝါးအမျိုးအစားနှင့် မူးယစ်ဆေးသုံးစွဲခြင်းကြောင့် ဖြစ်ပွားနိုင်သော ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များနှင့် ဥပဒေအရ ခံယူရမည့်ပြစ်မှုနှင့်ပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းဟောပြောသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ချောင်းကွေ့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးခဲ့သော စက်ရေတွင်းဖွင့်ပွဲကို မတ် ၃၀ ရက်က ကျင်းပခဲ့ပြီး စက်ရေတွင်းမှရေကိုဂါလန် ၅၀၀၀ ဆံ့ ရေကန်သို့ တစ်ရက်လျှင် ၄ နာရီကြာ တင်ပေးလျက်ရှိရာ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနေသည်ကို တွေ့ရစဉ်။ အောင်စိုးဖေ (iprd)

*စာမျက်နှာ ၁၅ မှ*

ဘဏ္ဍာငွေသုံးစွဲမှုသည် အစိုးရ၏ ရငွေနှင့်သုံးငွေကို အနီးစပ်ဆုံးတိုင်းတာခြင်းဖြစ်ပြီး နိုင်ငံတော်၏ မေခရိုစီးပွား ရေးစနစ်အတွက် လွန်စွာအရေးကြီးလှပါသည်။ ဖြည့်စွက်ရန်ပုံငွေများပြားလွန်းလျှင်လည်း မူလဦးစားပေး လမ်းကြောင်းမှ သွေဖည်နိုင်ပြီး ဘတ်ဂျက်၏ တည့်မတ်မှန်ကန်မှုကို ထိခိုက်စေနိုင်သောကြောင့် အမှန်တကယ်လိုအပ်သည့် အနည်းဆုံးတောင်းခံမှုသာဖြစ်ပေါ်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် လျှော့ချတောင်းခံရန် လိုအပ်ပါသည်။

မရွှေ့ပြောင်းနိုင်သော မြေကွက်၊ အဆောက်အအုံ၊ တိုက်ခန်းများတွင် မလိုလားအပ်သော အငြင်းပွားမှုများမပေါ်ပေါက်စေရန်နှင့် ပိုင်ဆိုင်မှုအထောက်အထားများ ခိုင်မာပြည့်စုံရန်အတွက် ဂရန်အမည်ပေါက်ဖြစ်အောင် ဆောင်ရွက်ထားရပါသည်။ အကြောင်းရင်းခိုင်မာ၍ မစွန့်လွှတ်သည့်မြေများ၊ ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်သည့်မြေများ၊ တစ်စိတ်တစ်ဒေသ စွန့်လွှတ်ပြီး ကျန်ရှိ သည့်မြေများရှိပါက ပိုင်ဆိုင်မှုခိုင်မာစေရန် ဆောင်ရွက်ထားလျက် ပြန်လည်စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးသည့် မြေဖြစ်ပါကလည်း သက်ဆိုင်သူများထံ အမြန်ဆုံးပေးအပ်နိုင်ရေး ဆောင်ရွက်ရပါသည်။

ဝန်ထမ်းများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုခံစားရရှိရန်ရည်ရွယ်လျက် အာမခံအလုပ်သမားများ မကျန်းမာခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ အလုပ်ခွင်အတွင်း ထိခိုက်မှုဖြစ်ခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မည်သည့်အကြောင်းကြောင့်မဆို မသန်မစွမ်းဖြစ်ခြင်းနှင့် သက်ပြည့်အငြိမ်းစားခံစားခြင်း စသည့်အချိန်များတွင် ဆေးဝါးကုသမှုပေးခြင်း၊ ငွေကြေးခံစားခွင့်ပေးခြင်းအပြင် အိမ်ရာပိုင်ဆိုင်ခွင့်နှင့် နေထိုင်ခွင့်များကိုပါ ရရှိရန် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၃၁-၈-၂၀၁၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁-၄-၂၀၁၄ ရက်နေ့တွင် အာဏာတည်ခဲ့ပြီးဖြစ်ရာ လူမှုဖူလုံရေး ဥပဒေသစ်ပါ အကျိုးခံစားခွင့်များအတွက် သတ်မှတ်ထားသည့် အာမခံထည့်ဝင်ကြေးများ ပေးသွင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံချက်များကိုလည်း လူမှုဖူလုံရေးအဖွဲ့နှင့်ဖြစ်စေ၊ အာမခံကိုယ်စားလှယ်များနှင့်ဖြစ်စေ ပူးပေါင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့် တိုးမြှင့်ပေးခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းဖြင့် အောက်ခြေအထိ ကွင်းဆင်းလေ့လာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိပါသည်။ အထူးသဖြင့် ရာထူးတိုးမြှင့်မှုနှင့် အပြောင်းအရွှေ့ပြုလုပ်ရာတွင် တရားမျှတစွာနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါသည်။ သို့မှသာ ဝန်ထမ်းများအတွင်း အပြိုင်အဆိုင် ကြိုးစားလိုသည့် ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာပါမည်။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချ၍ အောက်ခြေအဆင့်ဆင့်သို့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေပေးရပါမည်။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သွေဖည်လုပ်ကိုင်သည့်ဝန်ထမ်းများကိုလည်း ထိရောက်စွာအရေးယူရန် လိုအပ်ပါသည်။ စိတ်မချ၍ လုပ်ခွင့်မပေးလျှင် မည်သည့်အခါမှ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် လုပ်တတ်မည်မဟုတ်ဘဲ စွမ်းရည်များကျဆင်းလာမည်ဖြစ်၍ စည်းရုံးသိမ်းသွင်းပြီး လုပ်ပိုင်ခွင့်များ ပေးရပါမည်။ သန့်ရှင်းသော အစိုးရဖြစ်ပေါ်စေရေးအတွက် မလိုလားအပ်သော အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရန် ဌာနတွင်းပြန်လည်သုံးသပ်ပြုပြင်မှုများ ပြုလုပ်ရပါမည်။

မြန်မာနိုင်ငံသည် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဒေသထူထောင်မှုအောက်တွင်ပါဝင်ပြီး လက်ရှိဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း မိတ်ဆွေအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းလျက် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများရရှိရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ဝန်ထမ်းတစ်ဦးချင်းစီမှ အစပြု၍ တာဝန်ခံမှု၊ တာဝန်ယူမှု တို့ဖြင့် ဝန်ကြီးဌာန၊ ပုဂ္ဂလိက၊ နိုင်ငံတကာများနှင့် ဆက်နွယ်နေသော လုပ်ငန်းများအပါအဝင် စီမံကိန်းများစွာ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ပေါက်ရောက်အောင်မြင်အောင် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ လုပ်ဆောင်ရမည့်လုပ်ငန်းများအနက် လုပ်သင့်လုပ်ထိုက်သည် မှန်သမျှနှင့် ပြည်သူများ၏ လိုအပ်ချက်များအတွက် ဖြည့်ဆည်းနိုင်မည့် လုပ်ငန်းဟူသမျှကိုလည်း ရွေးချယ်ပြီး ဦးစားပေးလုပ်ဆောင်လျက်ရှိပါသည်။

သန့်ရှင်းသော အစိုးရနှင့်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အောင်မြင်စွာ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးသင့်သည့် အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခသတ်မှတ်ပေးရေးနှင့် နိုင်ငံ့ဝန်ထမ်းများကို ထိုက်သင့်မျှတသော လစာ၊ စရိတ်၊ ချီးမြှင့်ငွေများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ရေးတွင် နိုင်ငံတော်၏ရငွေနှင့် သုံးငွေအခြေအနေ၊ မေခရိုစီးပွားရေးအလားအလာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေ အနေ၊ စီးပွားရေးနှင့်ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေနှင့် ငွေဖောင်းပွမှုနှုန်း စသည့်အချက်များကို ရေတို၊ ရေရှည်အကျိုးဖြစ်ထွန်းစေရန် ဘက်စုံထောင့်စုံမှ သုံးသပ်တွက်ချက်လျက်ရှိပါသည်။

လစာတိုးမြှင့်မှုကြောင့် ဖြစ်ပေါ်လာမည့် သာမန် အသုံးစရိတ်သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံး ငွေရင်းအသုံးစရိတ်များသုံးစွဲမှုကို သင့်တင့်မျှတအောင် ချိန်ထိုးဆောင်ရွက်ရပါမည်။ လေလွင့် ပြုန်းတီးမှုနှင့် ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန် အသုံးစရိတ်များ သုံးစွဲရာတွင်လည်း သုံးသင့်သည်ကို သုံးခြင်း၊ စိစစ်သင့်သည်ကို စိစစ်ပြီး ရသင့်ရထိုက်သော ရငွေများနှင့် ဝင်ငွေ အကျိုးအမြတ်များ ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်

(၅၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း

ကြေညာချက်

(၂၀၁၃-၂၀၁၄)ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလတို့တွင် စာမေးပွဲကျင်းပခဲ့သော နောက်ဆုံးနှစ်ဂုဏ်ထူးတန်း၊ ဒီပလိုမာ၊ မဟာတန်း၊ ပါရဂူ သင်တန်းအသီးသီးတွင် အောင်မြင်ထားကြသော ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်း ချီးမြှင့်ရန် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည် ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်။** ။၂၀၁၅ခုနှစ်၊ မေလ(၁၀)ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ ။** ။ ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်နယ်မြေ

(၁၀-၅-၂၀၁၅)ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း အစီအစဉ် (နံနက်-၀၉း၀၀)နာရီ

**စဉ် ဘွဲ့အမည်**

| | |
|---|---|
| ၁။ ပါရဂူဘွဲ့ | (PhD) |
| ၂။ မဟာဝါဏိဇ္ဇဘွဲ့ | (MCom) |
| ၃။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | (MPA) |
| ၄။ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ | (MDevS) |
| ၅။ ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာ | (DEM) |
| ၆။ စီမံအုပ်ချုပ်မှုပညာဒီပလိုမာ | (DMA) |
| ၇။ သုတေသနပညာဒီပလိုမာ | (DRS) |
| ၈။ ဖွံ့ဖြိုးရေးပညာဒီပလိုမာ | (Dip.DS) |
| ၉။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဂုဏ်ထူးဘွဲ့ | (BBA(Hons:)) |
| ၁၀။ ဝါဏိဇ္ဇဗေဒဂုဏ်ထူးဘွဲ့ | (BCom(Hons:)) |

(၁၀-၅-၂၀၁၅)ရက် (တနင်္ဂနွေနေ့) ညနေပိုင်း အစီအစဉ် (မွန်းလွဲ-၁၅း၀၀)နာရီ

**စဉ် ဘွဲ့အမည်**

| | |
|---|---|
| ၁။ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) | (MEcon(Eco)) |
| ၂။ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်း) | (MEcon(Stats)) |
| ၃။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ | (MBA) |
| ၄။ ဘဏ်လုပ်ငန်းဒီပလိုမာ | (DB) |
| ၅။ ရောင်းဝယ်ဖြန့်ဖြူးမှုပညာဒီပလိုမာ | (Dip Marketing ) |
| ၆။ စာရင်းအင်းပညာဒီပလိုမာ | (DS) |
| ၇။ စီးပွားရေးပညာဂုဏ်ထူးဘွဲ့(ဘောဂဗေဒ) | (BEcon(Eco)(Hons:)) |
| ၈။ စီးပွားရေးပညာဂုဏ်ထူးဘွဲ့(စာရင်းအင်း) | (BEcon(Stats)(Hons:)) |

ဘွဲ့နှင်းသဘင်ကြေး

| | |
|---|---|
| တက်ရောက်ဘွဲ့နှင်းသဘင်ကြေး | - ၁၅၀၀ိ/(ကျပ်တစ်ထောင့်ငါးရာတိတိ) |
| အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး | - ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ) |
| အစမ်းလေ့ကျင့်ရမည့် ရက်/နေ့ | - ၂၀၁၅ခုနှစ်၊ မေလ(၇)ရက် (ကြာသပတေးနေ့) |
| အစမ်းလေ့ကျင့်ရမည့် အချိန် | - နံနက်(၈း၃၀)နာရီ |
| လျှောက်လွှာစတင်လက်ခံမည့်ရက် | - ၂၀၁၅ခုနှစ်၊ ဧပြီလ (၁) ရက် (ဗုဒ္ဓဟူးနေ့) |
| လျှောက်လွှာပိတ်မည့်ရက် | - ၂၀၁၅ခုနှစ်၊ ဧပြီလ (၂၄)ရက်(သောကြာနေ့) |

**မှတ်ချက်။** (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(၂) နှစ်ဟောင်းများမှ ဘွဲ့/ဒီပလိုမာ/မဟာတန်း/ဘွဲ့အမျိုးမျိုး အောင်မြင်သူများသည် **အဝေးရောက်ဘွဲ့သာ** လျှောက်ထားရမည်။

(၃) သုံးလအတွင်း (အမျိုးသားဝတ်စုံ၊အမျိုးသားများ(တိုက်ပုံ၊ကော်လာခွဲတုံး))၊ (အမျိုးသမီး (ရင်ဖုံးအင်္ကျီ)) ဖြင့် ရိုက်ကူးထားသော (၂" X ၁½") ဓါတ်ပုံ ၂ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ နှင့်လျှောက်ထားရမည်။

(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် မြန်မာဝတ်စုံ ၊တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ (အမျိုးသား) အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။

(၅) အသေးစိတ် အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင် လာရောက်စုံစမ်းနိုင်ပါသည်။(ဖုန်း-၀၉၇၃၂၄၃၀၀၈၊ ၅၃၆၄၃၆)

(၆) ဘွဲ့လျှောက်ထားရာတွင် ကျောင်းသား/သူများကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ဧည့်နိုင်ငံသားလက်မှတ် (သို့မဟုတ်) နိုင်ငံသား ပြုလက်မှတ် မူရင်းတင်ပြ၍ လျှောက်ထားရပါမည်။

မော်ကွန်းထိန်းအဆင့်-၁

ရန်ကုန်စီးပွားရေးတက္ကသိုလ်

**စားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်နှင့် စားသုံးသူများသို့**

# မေတ္တာရပ်ခံပန်ကြားချက်

* **စားသုံးသူများအနေဖြင့်** ကျသင့်ငွေကို ပေးချေချိန်တွင် အခွန်တံဆိပ်ခေါင်းကပ်ထားသောပြေစာကို မဖြစ်မနေ တောင်းယူကြပါရန်။
* **စားသောက်ဆိုင်များကလည်း** စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အခွန်တံဆိပ်ခေါင်း ကပ်နှိပ်ထားသည့် ပြေစာများကို **မဖြစ်မနေ ထုတ်ပေးပါရန်။**
* စားသုံးသူများအနေဖြင့် ပြေစာထုတ်မပေးသော စားသောက်ဆိုင်များကို တွေ့လျှင်ဖြစ်စေ၊ အခွန်တံဆိပ်ခေါင်းမပါရှိသော (သို့မဟုတ်) ကျသင့်အခွန်ကို အပြည့်အဝကပ်ထားခြင်းမရှိသောပြေစာကို ရရှိလျှင်ဖြစ်စေ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ **တိုင်ကြားခြင်းဖြင့် ကူညီကြပါရန်** မေတ္တာရပ်ခံပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး**

အမှတ် ၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**ဖုန်း-၀၁-၂၅၂၅၄၃၊ ၀၁-၂၅၂၅၄၇၊ ၀၁-၃၇၂၃၀၈**

**အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့**

နိုင်ငံတကာအားကစား

# အာဆင်နယ်နဲ့ လီဗာပူးတို့ ထိပ်တိုက်ဆုံပြီ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃) မှာတော့ အာဆင်နယ်နှင့် လီဗာပူးတို့ ထိပ်တိုက်တိုးမယ့်ပွဲစဉ်က စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဧပြီ ၄ ရက်မှာကစားမယ့် ဒီပွဲစဉ်တွေထဲမှာ မန်ယူက အိမ်ကွင်းမှာ ဗီလာနဲ့ဆုံရမှာဖြစ်ပြီး ချယ်လ်ဆီးက စတုတ်ကို ဧည့်ခံရမှာဖြစ်လို့ ပွဲကောင်းတွေအဖြစ် အကြိတ်အနယ်ကစားရမယ့်ပွဲစဉ်တွေအဖြစ် ရှုမြင်ကြရဦးမှာဖြစ်ပါတယ်။

**အာဆင်နယ်နှင့် လီဗာပူး**

လီဗာပူးအတွက် ဆက်တိုက်ပွဲကျပ်ပါပဲ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်ယူကိုရှုံးခဲ့ရလို့ အခုပွဲမှာ အာဆင်နယ်ကို အနိုင်ရအောင်ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဝက်စ်ဟမ်း၊ မိုနာကိုနဲ့ နယူးကာဆယ်အသင်းတွေကို အနိုင်ရခဲ့တဲ့ အာဆင်နယ်ဟာ အိမ်ကွင်းမှာ လီဗာပူးကို အခွင့်အရေးပေးမှာမဟုတ်ပါဘူး။ အာဆင်နယ်ကွင်းမှာ လီဗာပူးတို့ နောက်ဆုံးသုံးပွဲလာကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီအစဉ်အလာကောင်းကို အခုပွဲမှာ အာဆင်နယ်တို့ ဆက်လက်မှတ်တမ်းရေးထိုးမှာဖြစ်ပါတယ်။

**မန်ယူနှင့်ဗီလာ**

မန်ယူတို့အတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်နေပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဒီပွဲစဉ်ဟာ ခြေကုန်ထုတ်ရမှာဖြစ်သလို ရပ်တည်ချက်ခိုင်မာဖို့အတွက်လည်း အစွမ်းကုန်ရုန်းကန်ရမယ့်ပွဲ ဖြစ်ပါတယ်။ ဗီလာနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ မန်ယူဟာ ဒီပွဲကို ပေါ့ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ ဒါပေမယ့် ဗီလာတိုက်စစ်မှူးတွေက အဝေးကွင်းတွေမှာ ဂိုးသွင်းစွမ်းရည် ကျဆင်းနေတတ်တာမို့ အခုပွဲမှာ မန်ယူက တိုက်စစ်ဖွင့်ကစားပြီး နိုင်ပွဲရယူပါလိမ့်မယ်။

**ချယ်လ်ဆီးနှင့် စတုတ်**

ပွဲတိုင်း အမှတ်ပြည့်ရယူဖို့ကြိုးစားနေတဲ့ ချယ်လ်ဆီးတို့အတွက် အခုပွဲဟာ ခြေကုန်ထုတ်ရပါဦးမယ်။ စတုတ်ကို ချယ်လ်ဆီးတို့ ရှုံးခဲ့ဖူးပေမယ့် နောက်ပိုင်းပွဲတွေမှာ အနိုင်ရအောင်ကြိုးစားလာနိုင်ပါတယ်။ လောလောဆယ်မှာတော့ ခြေစွမ်းကျဆင်းနေတဲ့ စတုတ်ကို ချယ်လ်ဆီးတို့ ပြတ်သားတဲ့ရလဒ်နဲ့ ပုံဖော်ပါလိမ့်မယ်။

**အဲဗာတန်နှင့် ဆောက်သမ်တန်**

ဆောက်သမ်တန်တို့လည်း ခြေစွမ်းယိုင်လာတာမို့ အခုအဲဗာတန်နဲ့ပွဲမှာ ရလဒ်ပြန်ကောင်းအောင် အားထုတ်ပါလိမ့်မယ်။ ဥရောပဝင်ခွင့်အတွက် အမှတ်ရရှိရေး ကြိုးစားမယ့် ဆောက်သမ်တန်တို့ဟာ အခုပွဲမှာ မုန်တိုင်းထန်ပါလိမ့်မယ်။ အဲဗာတန်တို့က အိမ်ကွင်းမှာ သရေပွဲများနေပြီး ဂိုးသွင်းအားလည်း ကောင်းတတ်တာမို့ ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင် ကစားပါလိမ့်မယ်။

**ဆွမ်ဆီးနှင့် ဟားလ်စီးတီး**

ဆွမ်ဆီးတို့က ဟားလ်စီးတီးနဲ့ဆုံတိုင်း ခက်ခက်ခဲခဲကစားရတတ်တာမို့ အခုပွဲလည်း ပွဲချောင်မှာတော့ မဟုတ်ပါဘူး။ ဆွမ်ဆီးရဲ့ အားသာချက်က တိုက်စစ်၊ ခံစစ်ကို မျှအောင် ကစားနိုင်တာမို့ အခုပွဲမှာ ဟားလ်စီးတီးတို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဝက်စ်ဘရွန်းနှင့် ကျူပီအာ**

ကျူပီအာတို့က ဝက်စ်ဘရွန်းနဲ့ဆုံတိုင်း ခြေကုန်ထုတ်ခဲ့ရတာချည်းဖြစ်လို့ အခုပွဲမှာလည်း အမာခံကစားသမားတွေ အကုန်ပွဲထုတ်ရပါလိမ့်မယ်။ တန်းဆင်းဇုန်ထဲက ရုန်းထွက်မယ့် ကျူပီအာတို့ဟာ အခုပွဲမှာလည်း အရာထင်ဖို့ ခဲယဉ်းနေပါဦးမယ်။ ။



## စံချိန်တင် ဂိုးသွင်းယူခဲ့တဲ့ ဖယ်ကာအို

မန်ယူမှာ ဂိုးသွင်းအားနည်းနေတဲ့ တိုက်စစ်မှူး ဖယ်ကာအိုဟာ နိုင်ငံ့လက်ရွေးစင်အသင်းအတွက်ကိုတော့ စံချိန်တင်ဂိုးသွင်းယူပေးနိုင်ခဲ့ပါပြီ။ ဖယ်ကာအိုဟာ ကိုလံဘီယာအသင်းက ကူဝိတ်ကို သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရတဲ့ ချစ်ကြည်ရေးပွဲမှာ စံချိန်တင်သွင်းယူခဲ့တာဖြစ်ပါတယ်။ မိုနာကိုမှ အငှားခေါ်ယူထားတဲ့ မန်ယူတိုက်စစ်မှူး ဖယ်ကာအိုဟာ နိုင်ငံ့လက်ရွေးစင်အသင်းအတွက် ၂၄ ဂိုးမြောက်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီဂိုးဟာ အရှေ့အလယ်ပိုင်းသို့ ကိုလံဘီယာအသင်း ချစ်ကြည်ရေးခရီးစဉ်အတွင်း တတိယမြောက်သွင်းယူခဲ့တဲ့ဂိုးလည်း ဖြစ်ပါတယ်။ ကြာသပတေးနေ့က ဘာရိန်းကို ကိုလံဘီယာအသင်းက ခြောက်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာလည်း ဖယ်ကာအို နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၉ နှစ်ရှိ ဖယ်ကာအိုဟာ ဒီနှစ်ရာသီမှာ မန်ယူအတွက် ၂၂ ပွဲမှာ လေးဂိုးပဲသွင်းယူပေးနိုင်ပါသေးတယ်။ ဖယ်ကာအိုကို မန်ယူက တစ်ပတ်ပေါင် ၂၆၅၀၀၀ ပေးထားတာဖြစ်ပါတယ်။ ယခုနှစ်ရာသီကုန်မှာတော့ သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ ဖယ်ကာအိုကို အမြဲတမ်း ကစားသမားအဖြစ် ခေါ်ယူမယ်ဆိုရင်တော့ ပေါင် ၄၃ ဒသမ ၅ သန်းပေးရမှာ ဖြစ်ပါတယ်။

## ဒီမာရီယာကို ပီအက်စ်ဂျီ ခေါ်ယူဖွယ်ရှိ

ပြင်သစ်ထိပ်တန်းကလပ် ပီအက်စ်ဂျီက မန်ယူကွင်းလယ်ကစားသမား ဒီမာရီယာကိုခေါ်ယူဖို့ အသင့်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ်မှ မန်ယူသို့ ပေါင် ၅၉ ဒသမ ၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ ဒီမာရီယာဟာ မန်ယူမှာ ခြေစွမ်းမပြနိုင်ဘဲ ရှိနေပါတယ်။ အသက် ၂၇ နှစ်အရွယ် အာဂျင်တီးနားကစားသမား ဒီမာရီယာကို ပီအက်စ်ဂျီက ငွေပုံအောပြီး ပြန်ခေါ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့သော်လည်း ဒီမာရီယာရဲ့ ဂျာစီအကျႌကတော့ မန်ယူမှာ ရောင်းအားအကောင်းဆုံးလို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**




ကြော်ငြာ


ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏

**Gandamar Grand Ballroom** ကို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

Gandamar Wholesale Level (III)၌

၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။








Gandamar
Grand Ballroom









Corner of Gandamar Road & Waizayantar Road,
Mayangone Township, Yangon.
Tel : 01 657 834

* အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ (၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများအတွက် လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။
* Fashion Show , Live Show, Stage Show များ ကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

  Dinner Party , Birthday Party , Staff Party နှင့် Gathering များလည်း ကျင်းပ ပေးနိုင်ပါသည်။
* Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။ ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

ကြော်ငြာ

## အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာတန်ဖိုးမျှ ပြည်သူ့ဝန်ထမ်းအိမ်ရာအား လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း ၉၀၀၀၀၀၀၀၀ ကျပ်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၄၆၈၀၉၆၄၀၀ ကျပ်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း ၄၁၈၇၈၇၄၀၀၀ ကျပ် စုစုပေါင်း ကျပ်သန်း ပေါင်း ၇၅၅၅၉၇၀၄၀၀ ကျပ် ကျခံသုံးစွဲပြီး စီမံဖော်ထုတ်ပေးလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့်ရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ပြီး ဝယ်ယူခွင့်လျှောက်လွှာများကို ၈-၄-၂၀၁၅ ရက် နံနက် ၈ နာရီ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကော်မတီ(၃)ရပ်မှ ကိုယ်စားမဲနှိုက်သည့် မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) DVB-T2 Transmitter(USD) 50 Sets
(ခ) Radio FM Transmitter(USD) 25 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၅-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလ ထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၇၃၁၀၆၊ ၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်း၊ တံတား၊ ရေပေးရေး၊ နေရောင်ခြည်စွမ်းအင်၊ ကျေးလက်အိမ်ရာ၊ ကျေးလက်အိမ်သာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆေးရုံလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဤရုံးသို့ပင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၇၀-၂၂၅၅၁၊ ၀၉-၈၆၃၆၄၄၃၊**
**၀၉-၆၅၀၀၁၄၅**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါပုံစံလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၆-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၄-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပခုက္ကူမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း စတင်ရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း ဖုန်း-၀၆၂-၂၁၀၀၅သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးကော်မတီ၊ ပခုက္ကူခရိုင်**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ်အရည်အသွေး၊ အရည်အတွက်နှင့် နေရာဒေသ

(က) **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

| | |
|---|---|
| (၁)စာအုပ်အရွယ်အစား | ၆.၂၅×၈.၂၅လက်မ |
| (၂)လိုင်းအရေအတွက် | ၂၂လိုင်း(အနည်းဆုံး) |
| (၃)အဖုံးစက္ကူ | ၁၈၀ gsm Duplex board(colour) |
| (၄)အတွင်းစက္ကူ | ၆၀ gsm indo 1 K woodfree |
| (၅)စာမျက်နှာ | ၈၀ pages |

(ခ) **တင်ဒါပေးသွင်းရမည့်အရေအတွက်**

| | |
|---|---|
| (၁)မြစ်ကြီးနားခရိုင် | ၃၁၃၂၅ ဒါဇင် |
| (၂)မိုးညှင်းခရိုင် | ၃၂၁၃၀ ဒါဇင် |
| (၃)ဗန်းမော်ခရိုင် | ၂၂၃၃၀ ဒါဇင် |
| (၄)ပူတာအိုခရိုင် | ၇၄၃၀ ဒါဇင် |
| (၅)အရန် | ၅၄ ဒါဇင် |
| **စုစုပေါင်း** | **၉၃၂၆၅ ဒါဇင်** |

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်**- ၃၀-၄-၂၀၁၅ ရက်(ကြာသပတေးနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါပုံစံကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၁-၄-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၂၀
(ခ) ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၄၄
(ဂ) လူမှုဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၂၆၆၄
(ဃ) ကချင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနား ဖုန်း-၀၇၄-၂၂၄၁၆

## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| | လုပ်ငန်းစီမံကိန်းသစ်များ |
| ၁ | ပြည်နယ်ရုံး အမှုတွဲခန်းဆောက်လုပ်ခြင်း |
| ၂ | ပြည်နယ်ရုံး(၁၁)ခန်းတွဲမော်တော်ယာဉ်ဂိုဒေါင် ဆောက်လုပ်ခြင်း |
| ၃ | ဟိုပင်မြို့ (၂)ခန်းတွဲရေလောင်းအိမ်သာနှင့် ရေစင်ဆောက်လုပ်ခြင်း (RC) |
| ၄ | နောင်မွန်မြို့နယ်(၂)ခန်းတွဲရေလောင်းအိမ်သာနှင့် ရေစင်ဆောက်လုပ်ခြင်း(RC) |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ရေစင်ဆောက်လုပ်ခြင်း |
| ၆ | ပန်နန်းဒင်မြို့ငွေတိုက်ခြံစည်းရိုးကာရံခြင်း |
| ၇ | ခေါင်လန်ဖူးမြို့နယ် ဒုဦးစီးမှူးနေအိမ် (၃)လုံးဆောက်လုပ်ခြင်း (ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) |
| | **ပြုပြင်မွမ်းမံခြင်း** |
| ၁ | ပြည်နယ်ရုံးဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၂ | ဝိုင်းမော်မြို့နယ်အမှုထမ်းနေအိမ် (၃)လုံးပြုပြင်ခြင်း |
| ၃ | အင်ဂျန်းယန်မြို့နယ် (၆)ခန်းတွဲဝန်ထမ်းအိမ်ရာဝရန်တာနှင့် မီးဖိုချောင်ပြုပြင်ခြင်း |
| ၄ | ရွှေကူမြို့နယ် ဒုဦးစီးမှူး နေအိမ် (၂)လုံးပြုပြင်ခြင်း |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ရုံးအကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်း |
| ၆ | ပန်နန်းဒင်မြို့အုပ်ချုပ်ရေးမှူး နေအိမ်ပြုပြင်ခြင်း |
| ၇ | ပန်နန်းဒင်မြို့ (၆)ခန်းတွဲဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၈ | ပန်နန်းဒင်မြို့ရုံးပြုပြင်မွမ်းမံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လေလံခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်တရားရုံးမှ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော မော်တော်ယာဉ်တစ်စီး၊ လိုင်စင်မဲ့ဆိုင်ကယ် ၉ စီးတို့အား အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**လေလံတင်ရောင်းချမည့်ပစ္စည်း**

(က) ၃C/၉၃၀၈ နံပါတ်ပါ (SURF) ကား ၁ စီး
(ခ) လိုင်စင်မဲ့ဆိုင်ကယ် ၉ စီး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းတင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်မှ ၂၉-၄-၂၀၁၅ ရက်အထိ
**တင်ဒါတင်သွင်းရမည့်ရက်၊အချိန်** - ၃၀-၄-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
**တင်ဒါဖွင့်ရက်** - ၄-၅-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကလေးခရိုင်တရားရုံး ဖုန်း-၀၇၃-၂၁၁၇၅ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**

## မုံရွာစီးပွားရေးတက္ကသိုလ်
## စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ MBA နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ MPA
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ MBA နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ MPA သင်တန်းများကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) MBA သင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအဆင့်အလိုက် လုပ်ကိုင်နေသူများနှင့် MPA သင်တန်းအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

၂။ MBA သင်တန်း၊ MPA သင်တန်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBA သင်တန်းအတွက် ၂၃-၄-၂၀၁၅ ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၂-၅-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရန်ဖြစ်ပါသည်။ MPA သင်တန်းအတွက် ၂၃-၄-၂၀၁၅ ရက်မှစတင်၍ လျှောက်လွှာဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။

၃။ MBA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၄-၅-၂၀၁၅ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၆-၅-၂၀၁၅ ရက်တို့တွင်လည်းကောင်း၊ MPA သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၉-၅-၂၀၁၅ ရက်နှင့် နှုတ်ဖြေစာမေးပွဲကို ၂၇-၅-၂၀၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ သင်တန်းသားဦးရေကန့်သတ်လက်ခံမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၁-၂၃၆၅၈၊ ၂၄၇၃၅၊ ၂၂၆၇၂ (လိုင်းခွဲ-၁၀၃-၁၀၄)**
**စီမံခန့်ခွဲမှုပညာဌာန MBA ဖုန်း-၀၇၁-၂၃၆၆၃**
**ဘောဂဗေဒဌာန MPA ဖုန်း-၀၇၁-၂၄၇၃၇**

**စုစုထွန်း**
**ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မုံရွာစီးပွားရေးတက္ကသိုလ်**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၇

၁။ ဦးခင်မောင်လေး
၂။ ဦးဂုရုဆာမိ(ခ)ဦးမြင့်သိန်း
(၄င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်ဦး)

**နှင့်**

၁။ ဦးမြတ်ထွန်း(ခ)ဦးကျော်ခဲ
အမှတ် ၁၁၅၊ သုံးလွှာ၊ ပြည်လမ်း၊ ၈ မိုင်လမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၂။ ဦးဇော်သန်းထိုက်(ခ)ဦးဇော်ငယ်
အမှတ် (ဒီ-၅၁၆)၊ ရွှေဇလပ်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့။

**ပြင်ဆင်မှုလျှောက်ထားသူများ** — **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်စွဲပါ လှိုင်သာယာမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် (၅၁/ ၂၀၁၂)အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ (၂) ဦးဇော်သန်းထိုက်(ခ)ဦးဇော်ငယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် လှိုင်သာယာမြို့နယ်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူများက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေများဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်များဖြစ်စေ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်တို့၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် မတ် ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

ကြော်ငြာ




## ဝန်ထမ်းအလိုရှိသည်

၁။ **B.Com/B.Econ/LCCI** ကျား/မ ၅ ဦး
၂။ **B.A/B.Sc** ကျား/မ ၁၀ ဦး
၃။ **Computer Operator** ကျား/မ ၅ ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ် (၁)အတွက် Computer Accounting ကျွမ်းကျင်လျှင် လစာကောင်းကောင်းပေးမည်။ ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ ဆက်သွယ်ရမည့်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံနှင့်အတူ အသက် (၅၀) အောက်ရှိသူများသည် အမှတ် ၆၄၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်သို့ ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လျှောက်ထားနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မဟာအောင်မြေမြို့နယ်တရားရုံးတော်**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀**

ဦးမောင်ကျော် **နှင့်** ၁။ ဦးအိုက်လန်
၂။ ဒေါ်မြအေး
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ အကွက်(၂၉၄)၊ ဦးပိုင်(၆/က)နေ တရားပြိုင် ဦးအိုက်လန်နှင့် ဒေါ်မြအေး (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်၊ အကွက်အမှတ် (၂၉၄)၊ ဦးပိုင်(၆/က) ဝိုင်းမြေကွက်မှာ တရားလိုသာ တရားဝင်လက်ရှိထား နေထိုင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၁၀ ရက် (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၇ရက်) သောကြာနေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းနိုင်)**
**မြို့နယ်တရားသူကြီး**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကလေးခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုလအမှုအမှတ်-၃**

ဦးအာလ်ခေါ်ထန် **နှင့်** ဦးဗန်ဘွမ်ဟုမ်း
**တရားလို** **တရားပြိုင်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့လှရပ်ကွက်၊ နယ်မြေ(၃)နေ ဦးဗန်ဘွမ်ဟုမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ပြုလုပ်၍ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့) ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး (သို့) အခွင့်ရရှေ့နေဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၈ ရက် (၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဧပြီတွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချန်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ဒု-ဗိုလ်မှူးကြီးတင်ထွန်းသိရှိစေရန်

မိုးကုတ်မြို့နယ်၊ မင်းတံတားရပ်ကွက်၊ နယ်မြေ(၁၀)ရှိ မြို့မြေချထားရေးကော်မတီမှ ၁၉၉၁/၁၉၉၂ ခုနှစ်၌ ချထားပေးခဲ့သော မြေကွက်အမှတ် ၂၇ မြေနေရာပေါ်၌ လက်ရှိနေထိုင်သော ဦးခင်မောင်ဝင်းမှ အဆိုပါမြေနေရာပေါ်၌ နေထိုင်လာခဲ့သည်မှာ ၁၉၇၃ ခုနှစ်မှစ၍ ယနေ့ထိနေထိုင်လာခဲ့၍ ၎င်းမြေနေရာအား မြေပိုင်ဆိုင်မှုအထောက်အထားတင်ပြတောင်းခံလာမှုအပေါ် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် စိစစ်ခဲ့ရာ အဆိုပါ မိုးကုတ်မြို့၊ မင်းတံတားနယ်မြေ (၁၀)ရှိ မြို့မြေချထားရေးကော်မတီမှ ချထားပေးခဲ့သော မြေကွက်အမှတ် ၂၇ သည် ဒု-ဗိုလ်မှူးကြီးတင်ထွန်းအား ချထားပေးခဲ့သောမြေနေရာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါ၍ ဒု-ဗိုလ်မှူးကြီးတင်ထွန်းအနေဖြင့် မြေကွက်အမှတ် ၂၇ နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများယူဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးကုတ်မြို့ (သို့မဟုတ်) မြို့နယ်မြေစာရင်းဦးစီးဌာန၊ မိုးကုတ်မြို့သို့ လာရောက်ဆက်သွယ်ပါရန်နှင့် ယခုကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက လက်ရှိနေထိုင်သူ ဦးခင်မောင်ဝင်းအား ချထားပေးမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ**
**မိုးကုတ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၈၅**

ဒေါ်နန်းမြင့်မြင့် **နှင့်** ဒေါ်နန်းဝင်းစိန်
**တရားလို** **တရားပြိုင်**

ဒေါ်နန်းဝင်းစိန် ဌ-၈/၇၆၊ ၆၃×၆၄ လမ်းကြား၊ လမ်းသွယ် ၈၊ (ဂ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမြင့်မြင့်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၁၀ ရက် (၁၃၇၇ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောနွဲ့နွဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)၊ မန္တလေးခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း အသိပေးကြော်ငြာခြင်း

ညောင်ရွှေမြို့နယ်၊ နန်းသီတာကျေးရွာ၊ ကံကောင်းလမ်းနေ ဦးဇော်ဇော်အောင် (ဘ)ဦးသိန်းတန် ၁၃/တကန(နိုင်)၁၁၀၁၁၀ က တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၀)နေ ဦးရဲထွန်း (ဘ)ဦးဦးထွန်းမောင် ၈/ပခက(နိုင်)၀၀၁၁၇၅သို့ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသည့် တောင်ကြီးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်အမှတ် (၁၆၁/၂၀၀၉) ၂၀-၇-၂၀၀၉ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်စာအား ယနေ့ကြော်ငြာသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဇော်ဇော်အောင်)**
**(ဘ)ဦးသိန်းတန်**
**၁၃/တကန(နိုင်)၁၁၀၁၁၀**
**ကံကောင်းလမ်း၊ နန်းသီတာကျေးရွာ၊ ညောင်ရွှေမြို့နယ်**

## ကျော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းကြိုင်

(မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၂၁၀၊ အခန်း ၅နေ(ဦးထွန်းစိန်-ဒေါ်စု)တို့၏သား၊ (ဒေါ်ခင်ခင်စိုး)၏ခင်ပွန်း၊ ဦးကျော်ကျော်လွင် (ပြည်တွင်းရေကြောင်းဌာန၊ ငြိမ်း)-ဒေါ်မြမြဦး၊ ဦးခင်မောင်တိုး(အရဏ်ဦးကုမ္ပဏီ)-ဒေါ်မြင့်မြင့်သိန်း(လသာ-၂၊ ငြိမ်း)၊ (ဦးခင်အောင်မျိုး)၊ ဦးဝေဇင်ဦး(မွေးကော်အိတ်လုပ်ငန်း)၊ ဒေါ်စန္ဒာကြိုင်(မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးလှမြင့်ဦး-ဒေါ်နွယ်နီ (ကြယ်ပွင့်အလှပြုပြင်ရေး)၊ ဦးတင်အောင်မြင့်ဦး-ဒေါ်သွယ်သွယ်မင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါ်စန်းစန်း (မြစ်ကြီးနား)

(B.Ed) (အထပြ၊ ငြိမ်း)

အသက်(၇၄)နှစ်

၂၄-၃-၂၀၁၅ရက် ညနေ ၅း၃၅နာရီတွင် မန္တလေးမြို့ မင်းကွန်းဘိုးဘွားရိပ်သာနေအိမ်တိုက်ခန်း၌ ကွယ်လွန်သွားသော ဒေါ်စန်းစန်း၏ နာရေးကိစ္စတွင် အဘက်ဘက်မှ စေတနာဖြင့် ကူညီကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ မင်းကွန်းဘိုးဘွားရိပ်သာနေ အိမ်နီးချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သဖြင့် ဖုန်းသတင်းနှင့် အင်တာနက်တို့မှတစ်ဆင့် ဝမ်းနည်းကြောင်း အသိပေးပြောကြားခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသင်္ဂဟများ၊ တပည့်များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ဦးသန်းမြင့်

ဦးမြင့်သောင်းနှင့်သားများ လျှပ်စစ်ပစ္စည်းနှင့် လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး (လက်ပံတန်းမြို့)

အသက်(၃၈)နှစ်

ဦးသန်းမြင့် (ဦးမြင့်သောင်းနှင့်သားများ လျှပ်စစ်ပစ္စည်းနှင့် လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)သည် ၂၅-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Good Brothers' Co., Ltd. မိသားစု**

## ဦးအပေါ

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၀၅နေ ဒေါ်ခင်အုန်းကြည်၏ခင်ပွန်း၊ ဦးသိန်းမြင့်-ဒေါ်ကြည်ကြည်မြင့်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊(ဦးကြည်ဝင်း)-ဒေါ်တင်တင်မြင့်(ခေတ္တ-မလေးရှား)၊ ဦးသောင်းနိုင်-ဒေါ်အေးအေးမြင့်၊ ဦးသန်းထွန်း(စက်မှု-၁၊ ငြိမ်း)-ဒေါ်အေးအေး သန်း၊ ဦးမိုးနိုင်-ဒေါ်နီနီမြင့်၊ ဦးချိုထွန်း(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ရီရီမြင့်(ခေတ္တ-မြန်မာသံရုံး၊ ဂျကာတာ)၊ ဦးထွန်းလင်း-ဒေါ်လှလှထွေး၊ တပ်ကြပ်ကြီးထင်ကျော်မိုး(ငြိမ်း) - ဒေါ်သီသီထွန်း၊ တပ်ကြပ်ကြီးစာရေးကျော်ကျော်ထွေး(ထပရ-၃၂၃)-ဒေါ်ချစ်ချစ်ထွန်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၅ရက် နံနက် ၅း၄၅နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးညွန့်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ် ၉ (A)နေ (ဦးဘမောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးစိန်အောင်)၏ဇနီး၊ ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)-ဒေါက်တာသင်းသင်းမြတို့၏မိခင်၊ မအိသူကို၊ မောင်လင်းသူကိုတို့၏အဘွားသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့)ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးတန်အော်ထန်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အနော်ရထာလမ်းနှင့် ၁၉လမ်းထောင့်၊အမှတ် ၉၉(ဒီ)၊ငါးလွှာနေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊(မတင်ဖြူ)-ကိုစိုးနိုင်၊ ကိုသက်လွင်၊ ကိုသက်ညွာ၊ မတင်တင်၊ မခင်အေး-ကိုဟုတ်၊ မခင်စန်း-Mr. Rong Lian Xing၊ ကိုစန်းလွင်တို့၏ဖခင်၊ Rong Iou Shang၏အဘိုး၊ တန်လေခိန်း၏ ဦးလေးသည် ၃၁-၃-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်စိန် (မန္တလေး)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ရွှေဟင်္သာတဝါ၊ တိုက်(ဘီ)၊အမှတ် ၄၀၅နေ(ဇေယျကျော်ထင်ဗိုလ်မှူးကြီးအေးမောင် BC. 3512)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ချယ်ရီလှိုင်-ဒေါက်တာဝင်းလှိုင်၊ ဒေါ်တင်မေသိန်း(ခ)ဂျူဒီကို (Asia 21 M & J Co., Ltd.)-ဦးမြတ်ကို(Asia SEED)၊ ဦးတင်မောင်ကြီး (Marina Shipping)-ဒေါ်ဆွေဆွေအေး၊ ဦးတင်မောင်လေး(Amtra Travel)-ဒေါ်ဝင်းမာ၊ ဒေါ်တင်မေချော(GIA) - (ဦးဇော်မင်း)၊ ဒေါ်တင်မိုးအေး - Mr. Alan Johnson၊ ဒေါ်တင်မိအေး-Mr. Bodo Koch၊ ဒေါ်တင်မေတိုး-Mr. Yoshiro Takami(Toda Construction)၊ ဒေါ်တင်မူအေး - ဦးသန်းနိုင် (ဆု-တခွန်းတိုက်)တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၅ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တခေမိန္ဒသာမိ (ကန့်ဘလူ)

နိုင်ငံတော်သံဃာ့မဟာနာယက အကျိုးတော်ဆောင်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယကအဖွဲ့ဝင်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမိက နိကာယဂဏဝါစက၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး ဩဝါဒါစရိယ၊ ဝေနေယျသုခရေချမ်းစင် အသင်းကြီး၏ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသာနဓဇ သိရီပဝရ ဓမ္မာစရိယ ပါဠိပါရဂူ

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် နာယကအဖွဲ့ဝင် သဒ္ဓမ္မဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ ဆရာတော်ကြီးသည် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)(၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၃ရက်) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပန အစီအစဉ်ကို ထပ်မံကြေညာပါမည်။) ဈာပနကျင်းပရေးကော်မတီ

## ဦးညွန့်လှိုင် (က၀)

ဗိုလ်တထောင်သတင်းစာတိုက်(ငြိမ်း)

ရှေ့တော်ပြေးသိန်းထီပေါက်စဉ်

အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၀လမ်း၊ အမှတ် ၁၈နေ (ဦးဖိုးခွေး-ဒေါ်ထွေးစိန်)တို့၏သား၊ (ဦးကုလား-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်အေးစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်လွင်-ဒေါ်နီလာလှိုင်၊ ဦးစန်းလွင်(အောင်မိုးဆက်သိန်းထီပေါက်စဉ်)-ဒေါ်မြမြစန်း၊ ဦးမိုးကျော်လွင်-ဒေါ်သိန်းသိန်းအေး၊ ဦးအောင်ဆန်းလွင်-ဒေါ်မြင့်မြင့်မော်၊ ဦးဆန်းမင်းလွင်-ဒေါ်ချိုမာတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၅ရက်(သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်သိန်း(စစ်တွေ) အသက်(၆၆)နှစ်

စား/ဖျော်(ငြိမ်း)

စစ်တွေမြို့နေ (ဗိုလ်ကြီးကျော်ဇော-ဒေါ်ငွေသိန်း)တို့၏သားလတ်၊ သံတွဲမြို့နယ်၊ ခရမ်းမော်ရွာနေ ဦးကြီးညို-ဒေါ်လှစိန်တို့၏သားသမက်၊ (ဦးဦးကျော်သိန်း)-ဒေါ်အာသာတို့၏ညီ၊ ဒေါ်လှလှသိန်း၊ ဦးထွေးမောင်ဖြူ (ဦးစောသိန်း)၊ ဒေါ်ခင်ခင်သိန်း၊ ဦးမောင်သန်းညွန့်တို့၏အစ်ကို၊ ပဲခူးမြို့၊ ဥဿာမြို့သစ်နေ ဒေါ်ခင်သောင်း(သူနာပြုဆရာမကြီး၊ ငြိမ်း၊ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး)၏ချစ်လှစွာသောခင်ပွန်း၊ (မောင်ကိုဦး)၊ ဒေါ်ခင်သန္တာလင်း(အထက-၇၊ ပဲခူး)၊ (မောင်ကိုကိုလင်း)၊ ဒေါ်ခင်စန္ဒာလင်း(နည်းပညာတက္ကသိုလ်၊ မှော်ဘီ)၊ မောင်ဟိန်းမင်းထွဋ်၊ မယွန်းသီရိတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်မူ၏အစ်ကိုသည် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၄-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်တွင် ပဲခူးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်မြ(လားရှိုး)

အသက်(၇၀)

(ရဲဝန်ထောက် ဦးနီ-ဒေါ်တင်တင်)တို့၏သမီး၊ (ဒုရဲမှူး ဟုတ်ကြည်)၏ဇနီး၊ ရဲမှူးကြီးအောင်ကြီး(ငြိမ်း)-ဒေါ်ညိုတင်တို့၏ညီမ၊ ဦးမြင့်သန်း(TTE)-(ဒေါ်ကြည်ကြည်လှ)၊ ဦးသန်းခိုင်မြင့်တို့၏အစ်မကြီး၊ တကက မျိုးကိုကို(သတင်းတပ်ဖွဲ့)-မအေးမိခိုင်၊တကကစိုးအောင်(ရမခ)-မဝေဝေစန်း၊ ကိုမြင့်ကျော်-မသီတာဦး၊ တကကမြင့်ဇော်(ပြည်နယ်အရန်တပ်ခွဲ၊ တောင်ကြီး)-မမြင့်မြင့်စန်း၊ ကိုအောင်သူ-မနန်းဆွေ၊ ဒုတကစိုင်းကျော်သူ (မူးယစ်တပ်ဖွဲ့၊ စု-၂၅)-မနှင်းနုနုဇော်၊ ထူးရတနာဖြိုးဝေတို့၏မိခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ် ၁၁ယောက်တို့၏ အဘွားသည် ၁၉-၃-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် တောင်ကြီးမြို့တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

နာရေးကိစ္စအဝဝတွင်အဘက်ဘက်မှ ပြီးပြည့်စုံအောင် ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ဝတ်အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အရန်တပ်ခွဲမှ တပ်ဖွဲ့ဝင်မိသားစုများ၊ လှူဖွယ်ဝတ္ထုများ ပေးပို့လှူဒါန်းခဲ့ကြသော တပ်ဖွဲ့ဝင် မိသားစုများအားလုံးတို့အား ကျန်ရစ်သူမိသားစုများမှအထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးမြင့်နိုင်(ခ)ကိုဖြူဝင်း

(ကျောက်ဆည်)

အသက်(၅၂)နှစ်

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ(ဦးဘမောင်)-ဒေါ်တင်စန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ဘော်စင်လမ်းနေ (ဦးတင်အောင်-ဒေါ်တင်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အသောကလမ်း၊ တိုက် ၁၈၊ ခြောက်လွှာ (ခြေရင်းခန်း)နေ ဒေါ်လှဲ့လှဲ့အောင်(လ/ထမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ မနှင်းလှဲ့နိုင် (တတိယနှစ်၊ အင်္ဂလိပ်စာ၊ UDE)၏ဖခင်ကြီး၊ ဒေါ်သောင်းသောင်းတင်၊ ဒေါ်နီလာ-ဦးမောင်မောင်မြင့်၊ ဦးတင့်ခိုင် (A/B, UNITEAM) - ဒေါ်မိုးမိုးလှိုင်၊ ဒေါ်အေးအေးခိုင်တို့၏မောင်/အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဦးလေးသည် ၃၀-၃-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဇော်(ခ)

## ဆန်နီ (ဝါးခယ်မမြို့)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၉၄)ရပ်ကွက်၊ ၅လမ်း၊ B.Block၊ တိုက် ၂၈၊ အခန်း ၄၀၃နေ [ဦးအုန်းကြိုင်(ကုန်သွယ်/လယ်ယာ၊ ဝါးခယ်မ) - ဒေါ်မမမေ]တို့၏သား၊ ဒေါ်တူးတူးမေ(မြမဂ်လာလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်)၏မောင်၊ ဦးရဲမြင့်လတ်-ဒေါ်စိုးစိုးမေ[အထက-၂၊ ဒဂုံ(ဆိပ်ကမ်း)]တို့၏အစ်ကို၊ ကိုစိုးတင့်၊ (ကိုသန်းနိုင်ဝင်း)၊ ကိုမျိုးမြင့်အောင်-မဝင်းမာသန်း၊ ကိုမျိုးခန့်-မဆွေဆွေဟန်တို့၏ဦးလေး၊ မနှင်းဝတ်ရည်လတ်၏ဘကြီး၊ ဗဟန်းမြို့နယ်နေ ဒေါ်ယဉ်ကြွေ (ယခင်-ဇော်စတိုး၊ ဗိုလ်ချုပ်ဈေး)၏ ခင်ပွန်း၊ မောင်နန္ဒအောင်၊ မမြကေသွယ်တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဟန်ငွေ

အသက်(၄၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ (ဦးဘကြည်-ဒေါ်ကျင်မေ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ယုဇနမာလာလမ်း၊ မြင်သာ(၁၄/၃)ရပ်ကွက်၊ အမှတ် ၁၅၈/၂နေ (ဦးထွန်းရင်)-ဒေါ်တင်ဝင်းတို့၏သားသမက်၊ ဒေါ်သန်းသန်းဆင့် [B-Com(CPA)- Million Accounting & Auditing Service]၏ခင်ပွန်း၊ (ဦးငွေလှ)-ဒေါ်စောအေး၊ ဒေါ်တင်ရ၊ ဦးသိန်းအောင်(ခ)ဦးကံချွန် (SWY Company)-ဒေါ်ယဉ်ယဉ်စန်း (ဌာနစုမှူး၊ စည်ပင်သာယာရေးကော်မတီ)၊ ဦးနေဦး-ဒေါ်သိန်းသိန်းအေး(ဦးစီးအရာရှိ၊ မွေး/ကုဦးစီးဌာန)တို့၏ညီ/မောင်၊ ဦးအောင်ကြည်မြင့် (ETO, Opielok Co., Ltd. Germany) - ဒေါ်ဝတ်ရည်ခိုင်တို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) ည ၈း၁၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဟန်ညွန့်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး

အလုပ်သမားဝန်ကြီးဌာန

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၁၆(တတိယထပ်)နေ (ဦးသာလောက်-ဒေါ်နှင်းတင်)တို့၏သားကြီး၊ ဒေါ်နန့်ပြည်အေး(ခ)ဒေါ်ရင်၏ ခင်ပွန်း၊ ဦးဉာဏ်လင်း [ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း] - ဒေါ်ဒေစီတို့၏အစ်ကိုသည် ၃၁-၃-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောရောဂါကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစောထွန်းအောင်ကျော်

(တွံတေး)

အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ(ဦးစိန်မြ-ဒေါ်တင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၇လမ်း၊ အမှတ် ၂၉၃နေ (ဦးတင်ကြည်)-ဒေါ်သန်းရှင်တို့၏သားသမက်၊ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (ကိုညီညီထွန်း)-မမာမာအောင်၊ ကိုဟိန်းစံ-မဇာဇာကျော်၊ မောင်ပြည့်စုံထွန်း၊မောင်အောင်သူ၊ မောင်သန်းထိုက်အောင်-မမေစန္ဒီအောင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၄-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်မြစန်းကြည်(ခ)

## နော်ဆာဂေါ(ခ)နော်လူးလူး

အသက်(၅၁)နှစ်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် မ/၈၊ နံ့သာမြိုင် ၁လမ်းနေ [ဦးစောရှူးဖတ်(စ်) - နော်ရှဲစေး]တို့၏သမီး၊ ဦးစောထူးစေး - (နော်ဂဲလေ)တို့၏သမီးချွေးမ၊ စောအိုက်ဇက်၏ချစ်လှစွာသောဇနီး၊ စောကျော်မြသိန်း၊ နော်ဆာဝါး၊ နော်ဂေးလယ်၊ စောကွာလာ၊ နော်ဂေးဒို၊ နော်ဒေစီ၊ စောလက်ကီး(JSM)၊နော်နိုဘယ်စေးတို့၏ညီမ/အစ်မသည် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မ/၆၂၈(A)၊ နိဗ္ဗလမ်းသွယ် ၃၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်အုံးတင့် (ရင်းငြိမ်)

အလယ်တန်းကျောင်းအုပ်(ငြိမ်း)

ဆင်ဖြူရပ်၊ မုတ္တမ

အလက-ရင်းငြိမ်

အထက(၃)အောင်ဆန်း

အထက(၂)စမ်းချောင်း

အထက(ပေါင်)

အသက်(၇၁)နှစ်

သထုံမြို့၊ရင်းငြိမ်နေ(ဦးကု-ဒေါ်ငွေစိန်)တို့၏သမီး၊ ဘီးလင်း၊ တောင်စွန်းနေ (ဦးသိန်းဖေ - ဒေါ်ပု)တို့၏ သမီးချွေးမ၊ လှိုင်သာယာမြို့နယ်နေ(ဦးထွန်းရွှေ)-ဒေါ်လှတင်၊ သထုံမြို့နေ(ဦးထွန်းရီ)-ဒေါ်အုံးမြ၊ ဦးရွှေရိုး-ဒေါ်မြမြ၊ ရန်ကုန်မြို့၊ စမ်းချောင်းနေ (ဦးဘာတင်-ဒေါ်သန်းတင်)၊ (ဦးခင်မြင့်)-ဒေါ်သန်းဆင့်တို့၏ညီမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၁၅၃(ငါးလွှာ-B)နေ[ဦးအောင်မြ(အလယ်တန်းကျောင်းအုပ်၊ ငြိမ်း)]၏ ဇနီး၊ ဒေါ်မိုးမြမြမွန်(ခေတ္တ-စင်ကာပူ)၊ ဒေါ်လဲ့ယဉ်ဝင်း (သရုပ်ပြ၊ ရက္ခဗေဒဌာန၊ ဆေး-၁)၊ ဦးဖြိုးဇေယျအောင် (Blue Ocean Operating Management Co.,Ltd.)-ဒေါ်သန္တာဦး (Fancy Computer & Photo Copy)တို့၏မိခင်၊ မဖြိုးကြယ်ဇင်သော်၏ဘွားဘွား၊ တူ/တူမ ၁၈ယောက်တို့၏အဒေါ်သည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ၅း၄၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်စိုး

အလပြ(ငြိမ်း)

ကျောက်ပန်းတောင်းမြို့

အသက်(၅၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်ကွက်၊ သုခဝတီလမ်း၊ အမှတ် ၂၅၄နေ (ဦးရာဘော်-ဒေါ်မယ်လှ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးကျော်လှိုင် (ဒု-ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ဌေးတို့၏ညီ၊ ဒေါ်သန်းသန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ထွန်းဦး၊ မောင်အောင်ကျော်ဇင်၊ မောင်ဖြိုးသော်ထက်၊ မောင်နေလင်းအေးတို့၏ ဖခင်သည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့)ည ၇း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ (၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် ၁၉ (ခ) နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၃လမ်း၊ အမှတ် ၁၀၉၃နေ(ဦးခွေးနီ)၏ဇနီး၊ဦးမြအောင်-ဒေါ်မာဂရက်အောင်၊ ဦးစန်းလွင်-(ဒေါ်ကြည်မြင့်)၊ ဦးစိုးလွင်-ဒေါ်သန်းသန်းမော်၊ (မန္တလေးရီ)၊ ဦးမျိုးသွင်-ဒေါ်စန်းစန်းမြင့်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်၊ မြစ် ၂၁ယောက်၊ တီသုံးယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၅ရက် ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကေသီဆွေ (သန်လျင်)

အသက်(၆၀)

သန်လျင်မြို့၊ သောက်တော်တွင်းရပ်ကွက်၊ကျိုက်ခေါက်ဘုရားလမ်း၊အမှတ် ၆၀နေ(ဦးခင်မောင်ဆွေ-ဒေါ်တင်အေး)တို့၏သမီးကြီး၊ (ဦးအုန်းမောင်)- ဒေါ်တင်ရှိန်တို့၏ချွေးမ၊ ဦးလှမင်း(မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ-၁)၏ဇနီး၊ ဦးဇော်ထွန်းလွင် (မြန်မာ့ပုလဲ၊ ငြိမ်း)-ဒေါ်အယ်ဒီနာဆွေ(မြန်မာ့ပုလဲ)၊ ဦးတယ်ရီဆွေ (YCDC-သာကေတ)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးဝေဇင်-ဒေါ်ချယ်ရီဆွေ(စက်မှုဝန်ကြီးဌာန)၊ ဦးခင်မောင်သန့် (STREAM သောက်ရေသန့်)-ဒေါ်သက်သက်မာ(Myanmar Carbonix)တို့၏အစ်မကြီးသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့)ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် သန်လျင်မြို့အမိုးနီသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအုန်းတင်(ကျောက်မြောင်း)

ဦးစီးအရာရှိ(ငြိမ်း)

သမဝါယမဝန်ကြီးဌာန

အသက်(၇၂)နှစ်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၂၉နေ (ဒေါ်မြမြစိုး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးချစ်လှ-ဒေါ်လှကျင်)တို့၏သားကြီး၊ (ဦးအုံကြီးမောင်-ဒေါ်သန်း)၊ ဦးသန်းမောင်-ဒေါ်အုန်းမြင့်တို့၏ သားသမက်၊ ဒေါ်ဝေဝေစိုးဦး၊ ဦးနေမျိုးအောင်၊ဦးမျိုးထွဋ်အောင်တို့၏ဖခင်၊ ဦးစိုးတင့်၊ဦးလှရွှေ၊ ဒေါ်စိန်စိန်၊ ဦးခင်မောင်မြင့်၊ ဒေါ်နီနီချိုတို့၏အစ်ကိုကြီးသည် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်ဝင်း

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၀၆၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးဘခတ်-ဒေါ်ခင်လှ)၏သား၊ ဒေါ်အေးယဉ်စိန်၏ခင်ပွန်း၊ မအေးသန္တာကျော်၏ဖခင် 'သိန်းတစ်ရာ' မီးဖိုဆိုင်ပိုင်ရှင် ဦးကျော်ဝင်းသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့)ညနေ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသာညို

(စီးပွား/ကူးသန်း၊ ငြိမ်း)

ဖဲထော်၊ မော်လမြိုင်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၄၀၆နေ(ဦးမောင်မောင်-ဒေါ်ကွန်ပေ့)တို့၏သား၊ (ဦးထွန်းရှန်-ဒေါ်ညီမ)တို့၏သားသမက်၊ ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊ ကိုမင်းကျော်စွာလင်း-ဒေါ်စုစုလှိုင်ဌေး၊ မမိသဉ္ဇာမွန်-ကိုစိုင်းနော်ရှန်း၊ ကိုမျိုးမင်းထွန်း-မမိယုဇင်အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်စတီဇာဘီ(ခ)

## ဒေါ်ကေသီ

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ် ၉၅၊ သုံးလွှာနေ ဦးမောင်ပါ၏ဇနီး၊ ဦးတင်မြင့် - ဒေါ်ဆွေဆွေခင်၊ ဦးလှမြင့် (J4 လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ဝေဝေခင်၊ ဦးမောင်မောင်အောင်-ဒေါ်သဉ္ဇာခိုင်၊ ဦးတင့်လွင်-ဒေါ်ချိုချိုခင်၊ ဦးခင်မောင်ထွေး (မင်္ဂလာဈေး)-ဒေါ်နီနီခင်၊ (ဦးမောင်မောင်လွင်)၊ ဦးလင်းနိုင်ဦး - ဒေါ်ရီရီခင်၊ဦးစိုးမိုးအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၇ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၈-၃-၂၀၁၅ရက် ည ၉း၃၀နာရီတွင် အမှတ် ၁၅၊ ၁၂၂လမ်း၊ (လေးလွှာ)နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၉-၃-၂၀၁၅ရက်နံနက် ၁၀နာရီတွင် ရေဝေးစွန္နီဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု



ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**ဖနောင်ပင် ဧပြီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ THAT LUANG ဘုရားနှင့် WAT SISAKET ဘုရားတို့သို့ ဖူးမြော်ကြည်ညို၍ PHRAKEO Museum များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကာ အလှူငွေများ ထည့်ဝင်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်ထွက်ခွာရာ ဝပ်ထေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လာအိုနိုင်ငံ သမ္မတရုံးဝန်ကြီး မစ္စတာ ဖုန်ဆာဗတ်ဘိုဖာနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗီယက်နမ်လေကြောင်း *စာမျက်နှာ ၉ ကော်လံ ၃* ❐

ယနေ့ မာတိကာ

ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ကြသူများ
ဆောင်းပါး စာမျက်နှာ » ၆

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများက ကြေညာချက်များထုတ်ပြန်
စာမျက်နှာ » ၁၁

## မိုးကြိုးကာလ လေပြင်းတိုက်ခတ်မည့် သတိပေးချက်

**နေပြည်တော် ဧပြီ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးကြိုးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ မိုးကြိုးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသတင်းရရှိသည်။ **(မိုး/ဇလ)**

# ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်စကားသံများ

**မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း အတည်ပြုချက်ကို မတ် ၃၁ ရက်က နိုင်ငံတော်သမ္မတကြီး၏ ရှေ့မှောက်တွင် နှစ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။



ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်
စီးပွားရေးပညာရှင်

ယင်းသို့ NCA သဘောတူစာချုပ်မူကြမ်းအား လက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ကာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ ထို့ပြင် NCA သဘောတူစာချုပ်မူကြမ်းအား သဘောတူညီမှု ရရှိပြီးသည့်အပေါ် အနာဂတ် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေးအထောက်အကူပြု အဖွဲ့အစည်းအသီးသီးက ယနေ့ တွေ့ဆုံကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုဆွေးနွေးကာ ပါဝင်အားဖြည့်လျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မျှော်လင့်တောင့်တနေသောအလွှာစုံမှ ပုဂ္ဂိုလ်အသီးသီးတို့၏ ငြိမ်းချမ်းရေး ဝမ်းမြောက်ပီတိ စကားသံများကို မြန်မာ့သတင်းစဉ်မှ စုစည်း တင်ဆက်လိုက်ပါသည်။

**ပါမောက္ခ**
**ဒေါက်တာအောင်ထွန်းသက်**
**စီးပွားရေးပညာရှင်**

သမိုင်း တစ်လျှောက်လုံးမှာ မြန်မာနိုင်ငံရဲ့ အဓိကစိန်ခေါ်မှု သုံးခုရှိပါတယ်။ ဒါက ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ ကြွယ်ဝချမ်းသာမှုဖြစ်ပါတယ်။ ဒီသုံးခုက တစ်ခုနဲ့တစ်ခုက သီးခြားမဟုတ်ဘဲ ဆက်စပ်နေတယ်။ မြန်မာနိုင်ငံမှာ တိုးတက်မှုမရဘဲ တခြားနိုင်ငံတွေမှာ ဘာကြောင့် တိုးတက်သွားကြလဲဆိုရင် အခြေခံအကြောင်းတစ်ခုက ငြိမ်းချမ်းရေး မရှိလို့။ ဘာကြောင့် ငြိမ်းချမ်းရေးမရှိလဲဆိုရင်လည်း အခြေခံအကြောင်းတစ်ချက်က ဒီမိုကရေစီမရှိလို့။ အခုလို နိုင်ငံတော်အစိုးရသစ်က ငြိမ်းချမ်းရေးလည်းရအောင်၊ ဖွံ့ဖြိုးမှုလည်းရအောင်၊ ဒီမိုကရေစီစနစ်လည်း ရှင်သန်အောင် ဒီသုံးခုစလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ဒီကနေ့ ငြိမ်းချမ်းရေးအတွက် လက်မှတ်ထိုးနိုင်ခဲ့တာ အင်မတန်မှ ဝမ်းသာစရာကောင်းပါတယ်။ ဒီလို လက်မှတ်ထိုးတာ ငြိမ်းချမ်းရေးအတွက်တင်မကဘဲ ဖွံ့ဖြိုးမှုအတွက်နဲ့ ဒီမိုကရေစီရှင်သန်နိုင်ရေး အတွက်လည်း အရေးပါပါတယ်။

**ကာဒီနယ် ချားစ်ဘို**
**ကက်သလစ်သာသနာ**
**ဂိုဏ်းချုပ်ဆရာတော်**

မြန်မာ တစ်ပြည်လုံးအနေနဲ့ အပစ်အခတ်တွေ ရပ်စဲရေးအတွက် လက်မှတ်ထိုးနိုင်တာ အလွန်ဝမ်းမြောက် *စာမျက်နှာ ၁၀ ကော်လံ ၁* ❍



RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS